မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မည့် စံပြလယ်ယာများဖော်ထုတ်

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပူးတွဲဆောင်ရွက်နိုင်မည့် ပေါင်းစည်းလယ်ယာများဆောင်ရွက်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၈

ကျေးလက်ဒေသများ၌ ရရှိပြီးဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံကောင်းများအပေါ် မူတည်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားသည်။

တာဝန်ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေး၍ ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများကိုလည်း ဆပ်ကော်မတီများ ဖွဲ့စည်းစေကာ သီးသန့်တာဝန်ပေးအပ်ထားပြီး ဖြစ်ကြောင်း။

လယ်ယာထုတ်ကုန် တိုးတက်ရေးအတွက် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မည့် စံပြလယ်ယာများ ဖော်ထုတ်ရေး၊ စိုက်ပျိုးရေးနှင့်

မွေးမြူရေး ပူးတွဲဆောင်ရွက်နိုင်မည့် ပေါင်းစည်းလယ်ယာများ ဆောင်ရွက်ရေး၊ ကျေးရွာအလိုက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်သည့် ချေးငွေများရရှိရေး၊ ကျေးလက်လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများ တိုးတက်ရေး၊ ကျေးလက်စွမ်းအင်ရရှိရေးအတွက် ဇီဝဓာတ်ငွေ့၊ ဆိုလာစနစ်စသည်ကဲ့သို့ တစ်ပိုင်တစ်နိုင် စွမ်းအင်ရရှိရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်တောများ ပြုန်းတီးမှုကာကွယ်ရေး၊ သစ်တော၊ သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးတို့ကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မတီအဆင့်ဆင့်က သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် တစ်ဖက်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်နေသကဲ့သို့ ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေသည့် လောင်းကစားမှုများ *စာမျက်နှာ ၅ ကော်လံ ၅* ❐

အမှာစကားပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် (၁၁)ကြိမ်မြောက် M-CCM အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ရေး

(၁၁)ကြိမ်မြောက် M-CCM အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့ကျင်းပသည့် (၁၁)ကြိမ်မြောက် M-CCM အဖွဲ့ အစည်းအဝေးသည် ရောဂါကြီးသုံးမျိုးဖြစ်သော ခုခံကျ/ကာလသားရောဂါ (AIDS)၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (Proposal Concept) ကို ကမ္ဘာ့ရန်ပုံငွေအဖွဲ့သို့ ဇူလိုင် ၂၂ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် M-CCM ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် M-CCM အစည်းအဝေး (11^{th} Myanmar Country Coordinating Machanism Meeting)ဖွင့်ပွဲ အခမ်းအနား၌ အဖွင့်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပဉ္စမ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်။ (စာ - ၆)

ဖိလစ်ပိုင် သရုပ်ဆောင် ဆမ်ပင်တို ဆွဲဆောင်မှုအရှိဆုံး မင်းသမီး အဖြစ် ဖော်ပြခံရ။ (စာ - ၁၁)

ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲ ပီရူးနှင့် ဥရုဂွေး၊ ဗင်နီဇွဲလားနှင့် ပါရာဂွေးတို့ ဆုံကြပြီ။ (စာ - ၁၁)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၁၉ ရက်)

ပညာရပ်များလေ့လာဆည်းပူး၍ ရည်မှန်းချက်ပန်းတိုင်လျှောက်လှမ်း

ယနေ့ လူငယ်မောင်မယ်များသည် အနာဂတ်၏ မီးရှူးတန်ဆောင်များဖြစ်ကြသည်။ လူငယ်လူရွယ်လေးများသည် မိမိတို့၏ဘဝ ထွန်းလင်းတောက်ပြောင်ရန် အတတ်ပညာနှင့် အသိပညာရပ်များကို လေ့လာဆည်းပူးကြရမည်ဖြစ်သည်။

ပညာမရှိသောသူသည် ဘဝ၏လမ်းကြောင်းပေါ်၌ မှန်ကန်စွာမရပ်တည်နိုင်။ လက်တွေ့ဘဝတွင် ပညာနှင့်ပေါင်းစပ်ဆောင်ရွက်ပါမှ ရည်မှန်းချက်ပန်းတိုင်ရောက်ရှိမည်ဖြစ်ပြီး အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။ ပညာရှိသောသူသည် အမှား၊အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်။ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်နိုင်သည်။

လူငယ်လေးများသည် စိတ်ဓာတ်ကြံ့ခိုင်မှု၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများရရှိရန် ငယ်ရွယ်စဉ်ဘဝကပင် ပညာကိုအပတ်တကုတ် ရှာဖွေလေ့လာဆည်းပူးကြရမည် ဖြစ်သည်။

လူ့သဘာဝလောကတွင် တွေ့ကြုံသောအခက်အခဲများ၊ အကွေ့အကောက်များကို "ပညာ" ဉာဏ်နှင့် ဝေဖန်ပိုင်းခြားပြီး အသိနှင့်မှတ်သားလိုက်နာကျင့်ကြံတတ်လျှင် ဘဝ၏တိုးတက်ရာလမ်းကြောင်းသည် ဖြောင့်တန်းနေမည်ဖြစ်သည်။ ပညာမဲ့သူကို ကိုးကွယ်ဆည်းကပ်ပါက လမ်းမှားသို့ရောက်မည်ဖြစ်သည်။ "ပညာရွှေအိုး လူမခိုး" ဆိုသည့်စကားအရ ရွှေအိုးကဲ့သို့တန်ဖိုးကြီးသော အတတ်ပညာဗဟုသုတများကို သင်ကြားတတ်မြောက်ထားကြရမည် ဖြစ်သည်။

ပညာရှိသူများသည် မိမိ၏အစွမ်းအစကို ဖော်ထုတ်နိုင်စွမ်းရှိသည်။ သေးငယ်သောအပင်လေးသည် မိမိ၏ပင်ကိုအစွမ်းအစနှင့် ရှင်သန်ကြီးထွားလာခဲ့သည်။ မာကျောသည့် အုတ်တို့၏ကြားမှပင် အပင်ငယ်လေးများသည် ထိုးထွက်၍ရှင်သန်ကြသည်။ အပင်ငယ်လေးပင်ဖြစ်လင့်ကစား သူ၏အစွမ်းအစနှင့် ကျော်လွှားနိုင်သောစွမ်းပကားများရှိကြောင်းကို ပြဆိုလျက်ရှိသည်။

အသိဉာဏ်ပညာနှင့်ပြည့်စုံသော လူငယ်လူရွယ်များသည်လည်း မိမိတို့၏အစွမ်းအစဖြင့် တိုးတက်ကြီးပွားရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ တိုးတက်ကြီးပွားရန်၊ လမ်းမှားမရောက်ရန် ပညာရှိများကို ဆည်းကပ်ကိုးကွယ်ရမည်ဟု ဆိုခြင်းဖြစ်သည်။

ယနေ့လူငယ်မောင်မယ်လေးများသည် မိသားစု၏တာဝန်၊ နိုင်ငံတော်၏တာဝန်များကို အနာဂတ်တွင် ထမ်းဆောင်ကြရမည့်သူများဖြစ်ရာ ပညာဟူသည့် အမှား၊ အမှန်ကိုခွဲခြားသိနိုင်သော အသိပညာရပ်များတွင် ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရန် ကြိုးစားအားထုတ်၍ ဘဝ၏ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန် လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချောက်မြို့နယ်၌ အထက်တန်းကျောင်း(ခွဲ)ဖွင့်

ချောက် ဇူလိုင် ၁၈

မကွေးခရိုင် ချောက်မြို့နယ် ပခန်းငယ်အုပ်စု ပခန်းငယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဖွင့်ပွဲကို အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦး၊ စလေ အထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းနှင့် အထက (ခွဲ) ပခန်းငယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်တို့က ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးနှင့် အထက(ခွဲ) ပခန်းငယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်တို့က ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အထက (ခွဲ) ကျောင်းအုပ်ဆရာမကြီးက မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



လူကုန်ကူးမှုတိုက်ဖျက်ရေး

ကျိုက္ခမီမြို့၌ ဟောပြော

သံဖြူဇရပ် ဇူလိုင် ၁၈

လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အထကတွင် ဇူလိုင် ၁၂ ရက် နံနက်က ကျင်းပရာ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးရွှေက အမှာစကား ပြောကြားပြီး ဝေါလ်ဗီးရှင်းအဖွဲ့စီမံချက်မန်နေဂျာ ဦးစောနေသားနှင့် ဒုရဲအုပ် ဌေးလွင်တို့က လူကုန်ကူးမှု တိုက်ဖျက်ရေးအကြောင်းများကို ပါဝါပွိုင့်ဖြင့် ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)** ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး လူကုန်ကူးမှုပညာပေး ဇာတ်လမ်းများ ပြသခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့သန့်ရှင်းသာယာလှပရေး အုတ်တွင်း၌ဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၁၈

အုတ်တွင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာရှိ ချုံနွယ်သစ်ပင်များ၊ ဓာတ်ကြိုးနှင့် မလွတ်သောသစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၂၃ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောဘေးလေဂရေးနှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၁၁၆)

စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မစေတီလမ်း ယုဇနတာဝါ အမှတ် (၂၀၂/၂၀၃)နေ မိခင်ကြီး ဒေါ်စန်းရီအား အမှူးထား၍ ဒေါက်တာခင်ခင်ရီနှင့် ရှိုင်းဟုပ်ကုမ္ပဏီမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇဟိုသို့ အလှူငွေ ကျပ်သိန်း ၁၀၀ လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ပုသိမ်မြို့နယ် အနေးယာဉ်များ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းကို ဇူလိုင် ၉ ရက်က မြို့နယ်စည်ပင်သာယာရေးရုံး ဦးစီးအရာရှိ ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မူဆယ်၌ဟောပြော

မူဆယ် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လောင်းကစားမှုများကင်းစင်ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ ကျင်းပရာ ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက မူဆယ်ခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးနှင့် လောင်းကစားမှုကင်းစင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ မူးယစ်အထူးအဖွဲ့မှ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး တီခေါင်လွမ်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် ကျော်စိုးအောင်ကလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန် /ဆက်)**

သစ်ပင်စိုက်ပွဲတော် ပေါင်းတည်မြို့နယ်တွင် ကျင်းပ

ပြည် ဇူလိုင် ၁၈

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်ထံသို့ ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်ပြည်သူများက ကျွန်း၊ ယူကလစ်၊ ခရေ၊ ကံ့ကော်၊ မဲဇလီ၊ ယမနေ စသည့်အပင်ပေါင်း ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ (၁၀၅)

ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ကျောင်းသားများပေါ်ထွန်းရေး ဆရာ၊ မိဘ၊ ကျောင်းသားများက ဥစ္စာရင်လို ဥစ္စာရင်ခဲ အားထုတ်ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပသော ဆရာ ဆရာမများအတွက် ဝတ်စုံနှင့် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အားထုတ်ကြိုးပမ်း

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၏ အဓိက လိုအပ်ချက်ဖြစ်သည့် ပြည်သူများ၏ စားရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်လူတန်းစေ့ နေထိုင်နိုင်မှု အဆင်ပြေရေး လုပ်ငန်း (၄)ရပ်ကို ချမှတ်ပေးပြီးဖြစ်ရာ ထိုလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ရန် အတွက် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းလာရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများက ဥစ္စာရင်လို ဥစ္စာရင်ခဲ အားထုတ်ကြိုးပမ်းကြရန်နှင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအနေဖြင့် အချိန်၏ တန်ဖိုးရှိမှုကို အလေးအနက်ခံယူပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း စိတ်ဓာတ် စည်းကမ်း ကောင်းမွန်သည့် လူရည်ချွန်လူရည်မွန်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာများနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး ဆရာ ဆရာမများအပိုင်း၊ ကျောင်းသားမိဘများအပိုင်း၊ ကျောင်းသား ကျောင်းသူများအပိုင်းအလိုက် လိုက်နာရမည့် အချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက စာအုပ် ၂၃၄ ဒါဇင်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က ဆရာ ဆရာမများအတွက် ဝတ်စုံ ၃၀၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဘောလ်ပင်နှင့် ကွန်ပါဘူး ၉၇၁ စုံတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်နှင့် ဒေါ်ရတနာအောင်တို့က လက်ခံသည်။

အလားတူ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်ကြားရေး အထောက်အကူပြု ကွန်ပျူတာတစ်စုံနှင့် Sky Net တစ်စုံကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က လက်ခံသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဆရာ ဆရာမများက အတန်းလိုက် အထူးပြုဘာသာရပ်များ ပို့ချနေမှုကို တစ်ဦးချင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က ကျောင်း၏ ပညာသင်ကြားရေးနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များကိုတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများက စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုကာ အောင်ချက်မြင့်မားရေးအတွက် ကိုယ်တိုင်ကြိုးစားအားထုတ်ကြရန် မှာကြားသည်။

စိုက်ပျိုးပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့သည် အဆိုပါကျောင်းပတ်ဝန်းကျင်၌ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက် အမှတ်(၁၆၉) အခြေခံပညာမူလတန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးကြကာ စာသင်ခန်းမများအတွင်း လှည့်လည်ကြည့်ရှု အားပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်မိသားစုတို့က ကျောင်းသား ကျောင်းသူများအား အာဟာရဒါန ကျွေးမွေးကြသည်။

အမှာစကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာ အမှတ်(၁၇၉) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်ဦးခင်မောင်အေးက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက သင်ကြားရေး အထောက်အကူပြု Sky Net တစ်စုံကိုလည်းကောင်း လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်မိသားစုတို့က ကျောင်းသား ကျောင်းသူများအား အာဟာရဒါန ကျွေးမွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကျောင်းဝင်းအတွင်း စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဆရာ ဆရာမများအတွက် ဝတ်စုံနှင့် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုး

နေပြည်တော် ဇူလိုင် ၁၈

1th ICT Master Plan Myanmar (2005 to 2010) တွင်ပါဝင်သည့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea International Corporation Agency (KOICA) မှ ပညာရှင်များ ပူးပေါင်းရေးဆွဲခဲ့ကြသည့် Myanmar ICT Master Plan လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Kim Hae - Yong၊ ဒုတိယဝန်ကြီးများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဌာနကြီးမှူးများ၊ KOICA မှ တာဝန်ရှိသူများ၊ ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae -Yong က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကိုရီးယားတယ်လီကွန်သုတေသနအင်စတီကျု (ETRI), Korea မှ Dr. Ilsue Roh က ICT Master Plan နှင့်စပ်လျဉ်း၍ သရုပ်ပြ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက Myanmar ICT Master Plan ကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းထံ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကြူခိုလှနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ် Ms. Kim Tae Eun တို့က 1th ICT Master Plan Myanmar (2005 to 2010) တွင်ပါဝင်သည့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။**(သတင်းစဉ်)**

ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ထူးချွန်ဆု ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ တက်ရောက် ချီးမြှင့်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းမိသားစုများအတွက် ဖြည့်ဆည်းထောက်ပံ့ပေးရန်လိုအပ်သည်များကို ကြိုးစား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကိုလည်း ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးရန်ရည်ရွယ်ထားကြောင်း၊ သို့ဖြစ်၍ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကလည်း မိမိတို့ ကျရာတာဝန်ကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းထူးချွန်ဆုနှင့် ပညာရည်ထူးချွန်ဆုရရှိကြသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို သက်ဆိုင်ရာ တာဝန်ရှိသူများအား လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသူ ဝန်ထမ်း ၁၀ ဦးကိုယ်စား ဝန်ထမ်းတစ်ဦးအားလည်းကောင်း၊ သင်တန်းထူးချွန်ဆုရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်မေစိုးက ငါးဘာသာဂုဏ်ထူးရရှိကြသူ ငါးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့်ဇနီးတို့က လေးဘာသာဂုဏ်ထူးရရှိကြသူ ၁၀ ဦးအားလည်းကောင်း ဆုများကို ပေးအပ်ကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူး ရရှိကြသူများနှင့် မိသားစုဝင်များသည့် ဝန်ထမ်းများအား ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ဇူလိုင် ၂ ရက်က သာပေါင်းမြို့ ဗဟိုလမ်းဘေး ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတူးဖော်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ရာနှင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့သို့ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် အမျိုးသား စာကြည့်တိုက်၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှ အရာထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်း လမ်းညွှန်ချက်၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေးအတွက် တာဝန်ရှိသူအားလုံးက ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမျိုးသား စာကြည့်တိုက်၌ ထိန်းသိမ်းစုဆောင်းထားသည့် စာအုပ်စာတမ်းများအား Digitization လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ငါးသယံဇာတ ထိန်းသိမ်းရေး ပြည်မြို့နယ်၌ ဟောပြောဆွေးနွေး

ပြည် ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးရစ်ငါးသန်ကာကွယ်တားဆီးရေး ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်က ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးရစ်ငါးသန်ကာကွယ်တားဆီးရေးလုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေဗိမာန်စာမူဆုတွင် ‘အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာမူဆု’ ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာစာပေ နိုင်ငံတကာသို့ ဖြန့်ကြက်ပျံ့နှံ့နိုင်ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် မိမိနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိရှိနိုင်ရန်နှင့် ဘာသာစကားကျွမ်းကျင်မှုဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၁၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုမှ စတင်လျက် “အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော စာမူဆု” တစ်ဆုကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

“အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော စာမူဆု” အတွက် မြန်မာနိုင်ငံသားက အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော မြန်မာသမိုင်း၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ (သုတ၊ ရသ) စာမူဖြစ်ရမည်ဖြစ်သည်။ ရေးသားပေးပို့ယှဉ်ပြိုင်ကြသော စာမူများမှ အကြောင်းအရာနှင့် အရေးအသားအရ အကောင်းဆုံးစာမူဆုတစ်ဆုကို စိစစ်ရွေးချယ် ချီးမြှင့်မည်ဖြစ်သည်။

စာမူပေးပို့ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို စာပေဗိမာန်တွင် လာရောက်ဝယ်ယူ၍ ၂၀၁၁ခုနှစ် ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထားလျက် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ စာပေဗိမာန်ရုံး အမှတ် ၅၂၉/ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို အတွင်းရေးမှူး ဖုန်း-၀၁-၃၇၆၅၆၉ နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၀၁-၂၄၉၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ —— စုစည်းသည်

ဂျေရုဆလင်မြို့အနီး တောမီးလောင်

ဂျေရုဆလင် ဇူလိုင် ၁၈

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့အနီး၌ ဇူလိုင် ၁၇ ရက်က သစ်တောများ မီးလောင်ကျွမ်းလျက်ရှိရာ မီးသတ်လေယာဉ်များနှင့် မီးသတ်ကားများဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း ဇူလိုင် ၁၈ ရက်၌ သတင်းတွင်ဖော်ပြသည်။ မီးလောင်ရာအနီး၌ ဟာဇီတောင်နှင့် ရှေးဟောင်းပြတိုက်ရှိရာ လေပြင်းများ တိုက်ခတ်နေသဖြင့် မီးကူးစက်မှုမရှိရန် မီးသတ်သမားများက ကြိုးပမ်းလျက်ရှိကြသည်။ ဇူလိုင် ၁၇ရက်မွန်းလွဲပိုင်းမှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်မြောက်ပိုင်း မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်

ပေကျင်း ဇူလိုင် ၁၈

တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် လာမည့်သုံးရက်အတွက် မိုးကြိုးမုန်တိုင်းများ ကျရောက်နိုင်ပြီး မိုးကြိုးပစ်မှုများဖြစ်ပေါ်နိုင်ကြောင်း ဒေသနေပြည်သူများကို ဇူလိုင် ၁၇ ရက်တွင် တရုတ်မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံတွင် ဇူလိုင် ၁၆ရက်က မိုးကြိုးမုန်တိုင်းများ ကျရောက်ခဲ့သဖြင့် ပေကျင်း နိုင်ငံတကာလေဆိပ်တွင် လေယာဉ်ခရီးစဉ် ၁၀၀နီးပါး ဖျက်သိမ်းခဲ့ရသည်။ ဇူလိုင် ၁၇ရက်တွင်လည်း လေကြောင်းခရီးစဉ် ၇၀ ထပ်မံဖျက်သိမ်းခဲ့ရပြန်သည်။ **(အင်တာနက်)**

ဗီယက်နမ်၌ မျိုးသုဉ်းတော့မည့် မျောက်များတွေ့

ဟန္နိုင်း ဇူလိုင် ၁၈

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ငဲအန်းပြည်နယ်၌ မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျောက်လွဲကျော်ကောင်ရေ ၄၅၅ ကောင် တွေ့ရှိခဲ့ရကြောင်း ဗီယက်နမ်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။ ဗီယက်နမ် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့ဝင် ၁၃၀ ခန့်သည် ၂၀၁၀ခုနှစ်အတွင်း ၎င်းမျောက်များကို စစ်တမ်းကောက်ယူခဲ့သည်ဟု ဆို၏။ **(အင်တာနက်)**

ကာ့ဒ်သူပုန်စခန်းသုံးခု အီရန်ဝင်တိုက်

တီဟီရန် ဇူလိုင် ၁၈

အီရတ်နိုင်ငံမြောက်ပိုင်း ပီဂျေအေကေဟုခေါ်သည့် ကာ့ဒ်သူပုန်စခန်းသုံးခုကို အီရန်တပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်ကြောင်း ဇူလိုင် ၁၈ ရက်က အီရတ်စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။ ထိုသို့တိုက်ခိုက်စဉ်အတွင်း ပီဂျေအေကေ သူပုန်အဖွဲ့ဝင်အများအပြား သေဆုံးခဲ့ကြောင်း အီရန်တပ်မှ ဗိုလ်မှူးကြီး ရန်ဘာဇာဒက်က ပြောကြားသည်။ -၎င်းသူပုန်စခန်း သုံးခုသည် အီရတ်နိုင်ငံအတွင်းအကြမ်းဖက်မှုများကို ကူညီပေးနေသည်ဟု ဆိုသည်။ **(အင်တာနက်)**

ပြန်ပေးဆွဲခံရသော ကန်ဇနီးမောင်နှံအား ပြန်လွှတ်ပေး

မနီလာ ဇူလိုင် ၁၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆုလုပြည်နယ် ဂျိုလိုမြို့၌ ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသား ဂျို့စ်ဘာထရိုနယ်နှင့် ဇနီးဖြစ်သူ ဂျို့စ်လင်းတို့အား ပြန်ပေးဆွဲခံရပြီး သုံးရက်အကြာ သေနတ်သမားများက ပြန်လွှတ်ပေးခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက် တာဝန်ရှိသူများက ဇူလိုင် ၁၈ရက်တွင် ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်



တရုတ်၌ ဥမင်ပြိုကျ အလုပ်သမား ၁၂ ဦး ပိတ်မိနေ

တလျန် ဇူလိုင် ၁၈

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ကမ်းခြေမြို့ဖြစ်သည့် တလျန်မြို့အနီးတွင် ဇူလိုင် ၁၈ ရက် နံနက်က ဥမင်လိုဏ်တည်ဆောက်ရေး လုပ်ငန်းခွင်တစ်ခု၌ ဥမင်ပြိုကျမှုဖြစ်ပွားရာ အလုပ်သမား ၁၂ ဦး ပိတ်မိလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ *(အပေါ်ပုံ)*

ပိတ်မိနေသော အလုပ်သမားများကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်ထုတ်နိုင်ရေး ကြိုးစားလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပိတ်မိနေသောအလုပ်သမားများ အဆက်အသွယ်ရရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ပိတ်မိနေသော အလုပ်သမားများ အသက်ရှင်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ ၎င်းဥမင်မှာ တလျန်မြို့ ရှန်လီလမ်းမကြီးပေါ်၌ တည်ရှိကြောင်း သိရှိရသည်။

(အင်တာနက်)

အီကွေဒေါ၌ အရက်ပုန်းများသောက်သူ ၂၁ ဦးသေဆုံး၊ ၁၀၃ ဦးဆေးရုံပို့ရ

ကွီတို ဇူလိုင် ၁၈

အီကွေဒေါနိုင်ငံ လော့စ်ရီရောစ် ပြည်နယ် အာဒါနီတာမြို့တွင် ဇူလိုင် ၁၇ ရက်က အရက်ပုန်းများသောက် သုံးခဲ့သူ ၂၁ ဦး သေဆုံးခဲ့ကြောင်း အီကွေဒေါ သမ္မတ ရာဖေးလ်ကောရီရာက ပြောကြားသည်။

ထိုသို့ တောအရက်ပုန်းများသောက်သုံးမှုကြောင့် ဒေသခံ ၁၀၃ ဦးမှာ ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူနေရကြောင်း ပြီးခဲ့သည့်အစောပိုင်းရက်များက သတင်းရရှိသည်ဟု အီကွေဒေါကျန်းမာရေးဝန်ကြီး ဒေးဗစ်ချီရီဘိုဂါက ပြောကြားသည်။

မက်သနောနှင့် အဆိပ်ဖြစ်စေတတ်သည့် ပစ္စည်းများကိုအသုံးပြုကာ ချက်လုပ်ထားသော ဈေးပေါသည့် တောအရက်များထည့်ထားသော ကွန်တိန်နာ ၂၈ လုံးကိုသိမ်းဆည်းရမိပြီး ပိုင်ရှင်ကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ *(အင်တာနက်)*

ထိုင်းအလယ်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ဖန်ကောက် ဇူလိုင် ၁၈

ထိုင်းနိုင်ငံအလယ်ပိုင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် ဇူလိုင် ၁၇ ရက်က စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်ငါးဦးသေဆုံးခဲ့ကြောင်း ထိုင်းစစ်ဘက်အရာရှိကြီးတစ်ဦးက ဇူလိုင် ၁၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။

၎င်းရဟတ်ယာဉ်သည် ထိုင်းနိုင်ငံအလယ်ပိုင်း၌ စစ်ဆင်ရေးနှင့် ကင်းလှည့်တာဝန်ထမ်းဆောင်ရန် စေလွှတ်ထားသော တပ်ဖွဲ့ဝင် ၃၅ ဦးအား ပြန်လည်ခေါ်ယူရန်အတွက် စေလွှတ်လိုက်စဉ် ပျက်ကျခြင်းဖြစ်သည်။ ***(ယာပုံ)***

ကြာမြင့်မည်

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး ရာသီဥတုဆိုးရွားနေမှုကြောင့် ကယ်ဆယ်ရေးအဖွဲ့များမှာ ရဟတ်ယာဉ်ပျက်ကျခဲ့သည့် နေရာသို့ ခြေကျင်သွားနေရကြောင်း၊ ၎င်းနေရာသို့ရောက်ရှိရန် နှစ်ရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

တရုတ်နိုင်ငံ လျောင်ရန်းမြို့အနီး လူသားပျားအုံပြိုင်ပွဲကျင်းပ

ဟူနန် ဇူလိုင် ၁၈

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် လျောင်ရန်းမြို့အနီး လောင်ဟွေးဒေသ၌ ဇူလိုင် ၁၇ ရက်က လူသားပျားအုံပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

လူသားပျားအုံပြိုင်ပွဲဆိုသည်မှာ ပျားကောင်များ လူ၏ခန္ဓာကိုယ်တွင် လာရောက် နားခိုပြီး ပျားကောင်ရေ ပိုမိုစွဲနေခြင်းဖြစ်သည်။

အဆိုပါ လူသားပျားအုံပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ အသက် ၄၂ နှစ်အရွယ်ရှိ ဝါဒါလင်းဆိုသူ **(ယာပုံ)** က အခြားသော ပြိုင်ဘက်ဖြစ်သည့် လူကောင်ကျန်းဆိုသူထက် ပျားကောင်ရေ အများဆုံးနှင့် အချိန်အကြာဆုံး ပျားကောင်များလာရောက်စွဲခဲ့ခြင်းဖြင့် အနိုင်ရရှိခဲ့သည်။ ၎င်း၏ ခန္ဓာကိုယ်တွင် ပျားကောင် ၂၆ ကီလိုဂရမ်ခန့် လာရောက်နားခိုခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုးကြိုးအန္တရာယ်သတိပြုဖွယ်

ဗိုလ်သင်း(မီးသတ်)

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်များသည် အမျိုးမျိုးဖြစ်ပေါ်လျက်ရှိသည်ကို သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် မီဒီယာမျိုးစုံမှ သိရှိတွေ့မြင်နေကြရမည်ဖြစ်သည်။ မြေပေါ်တွင် ငလျင်၊ မီးတောင်ပေါက်၊ မြေပြို၊ မိုးကြိုးပစ်၊ မိုးခေါင်၊ ပိုးမွှားတိရစ္ဆာန်ဖျက်ဆီးခြင်းစသည်တို့ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ ရေကြောင့်လည်း မိုးသည်းထန်၊ ရေကြီး၊ ဆူနာမီရေလှိုင်း၊ ရေခဲတောင်များအရည်ပျော်သဖြင့် ပင်လယ်ရေမြင့်တက်ခြင်း၊ ရေနေသတ္တဝါများ သေကျေခြင်းများ ဖြစ်ပေါ်နေပေသည်။ ထို့အတူ လေနှင့်ပတ်သက်၍လည်း လေမုန်တိုင်းအမျိုးမျိုးသည် အရှိန်ပြင်းစွာ မကြာခဏ ဖြစ်ပေါ်တိုက်ခတ်မှုကြောင့် နိုင်ငံအတော်များများတွင် ဘေးဒုက္ခကြုံတွေ့ခံစားနေကြရပေသည်။

သဘာဝဘေးအန္တရာယ် အမျိုးမျိုးအနက် စာရေးသူအနေဖြင့် လေ့လာတင်ပြလိုသည်မှာ မိုးကြိုးပစ်ခြင်းအကြောင်းပင် ဖြစ်ပါသည်။ မိုးကြိုးပစ်ခြင်းကို ကလေး လူကြီးထိတ်လန့်ကြောက်ရွံ့ကြပါသည်။ မိုးကြိုးပစ်ခြင်းကို မဆိုထားနှင့် မိုးချုန်းသံကြားခြင်း၊ လျှပ်စီးလက်ခြင်းကိုပင် ထိတ်လန့်ကြောက်ရွံ့ကြသည်။ ထိုကဲ့သို့ ကြောက်ရွံ့ခြင်းကြောင့်လည်း မိမိတို့၏လုပ်ရပ်၊ မိမိတို့၏စကားမှန်ကန်ကြောင်းကို တိုင်တည်ကျိန်ဆိုရာတွင် "ဘုရားစူး၊ မိုးကြိုးပစ်"၊ "နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ရချည်ရဲ့" စသည်ဖြင့် သုံးနှုန်းပြောဆိုကြသကဲ့သို့ မိမိတွင် အပြစ်ရှိသည်ကို ဝန်မခံဘဲ ဆင်ခြေပေးပြောဆိုသည့်အခါ "မိုးကြိုးပစ်တာ-ထန်းလက်နှင့်ကာ" စသည်ဖြင့် သုံးနှုန်းခဲ့ကြသည်ကိုလည်း လေ့လာသိရှိနိုင်ပေသည်။

ယခင်က နွေခေါင်ခေါင်မှာ မိုးမရွာဘူး၊ မိုးကြိုးမပစ်ဘူးဟု သိခဲ့ကြသော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်ကာ ၂၀၁၁ ခုနှစ် မတ်လအတွင်းက မြန်မာပြည်အောက်ပိုင်းမှာ မိုးရွာသွန်းမှုကြောင့် နွေခေါင်ခေါင်၏ နေ့လယ်ပိုင်းမှာ အနွေးထည်

လျှပ်စီးလက်ခြင်း၊ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း

အလွန်ပူပြင်းသည့်အခါ လေထုမငြိမ်မသက်ဖြစ်ခြင်း၊ နွေကာလ၏ နောက်ဆုံးပိုင်းနှင့် မုတ်သုံလေမဝင်ရောက်မီ ကာလအတွင်း အရှေ့မြောက်မှလာသည့်လေနှင့် အနောက်တောင်ဘက်မှတိုက်သည့်လေတို့သည် မျက်နှာချင်းဆိုင် တိုက်ခတ်မှုကြောင့် လေကြောင်းနှစ်ခုဆုံတွေ့သည့် နေရာအနီးတစ်ဝိုက်မှာ လေထုမငြိမ်မသက်ဖြစ်ခြင်းတို့ကြောင့် လေများအပေါ်သို့ ထိုးတက်ရာမှ မိုးတိမ်တောင်ကြီးများ တန်းစီဖြစ်ပေါ်ပြီး တိမ်တိုက်ကြီးများအတွင်း လေထုနှင့်မိုးရေပေါက်တို့ ပွတ်တိုက်မှုဖြစ်ပေါ်ကာ တည်ငြိမ်လျှပ်စစ်များ ဖြစ်ပေါ်လာပါသည်။

ထိုတည်ငြိမ်လျှပ်စစ်ကြောင့် တိမ်ထုအတွင်း လျှပ်စစ်အဖို၊ လျှပ်စစ်အမများ စုမိကြပြီး လျှပ်စစ်စီးဆင်းကာ ကြီးမားသည့် အပူဖြစ်ပေါ်ရာမှ တောက်ပသည့် လျှပ်စီးလက်ခြင်း၊ ကြီးမားသည့်အပူကြောင့် လေထုပွကာ ဆူညံသည့် အသံလှိုင်းများ ဖြစ်ပေါ်ပြီး မိုးချုန်းသည့်အသံများကြားရခြင်းဖြစ်သည်။

မိုးကြိုးပစ်ခြင်းမှာ ရွေ့လျားနေသည့်တိမ်တိုက်ကြီးများအတွင်းတွင် လျှပ်စစ်အဖိုအမများသည် တိမ်တိုက်အချင်းချင်းသော်လည်းကောင်း၊ မြေပြင်၊ မြေပြင်ရှိ အဆောက်အအုံ၊ သစ်ပင်များဆီသို့လည်းကောင်း ကြီးမားသော လျှပ်စစ်စီးဆင်းခြင်းကို မိုးကြိုးပစ်ခြင်းဟု ခေါ်ကြခြင်းဖြစ်သည်။

မိုးကြိုးပစ်ခြင်းမှ သတိထားကာကွယ်ခြင်း

ထို့ကြောင့် မိမိတို့သည် မိုးကြိုးပစ်မခံကြစေရန် ကွင်းပြင်၊ ကွင်းစပ်ရှိ အဆောက်အအုံ၊ မြင့်မားသည့် အဆောက်အအုံထိပ်၊ သစ်ပင်ကြီးများအောက်တို့တွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။ ကွင်းပြင်တွင် မိမိမတ်တတ်ရပ်နေပါ



များဝတ်၍ နေခဲ့ကြရသည်။ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ခဲ့မှုကြောင့် မတ် ၂ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားငုတ်တိုကျေးရွာတွင် လူတစ်ဦး သေဆုံးခဲ့ပြီး မတ် ၂၆ ရက်က ပဲခူးမြို့နယ် ရှမ်းကြီးကျေးရွာတွင် လူတစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် ယခု နွေနှောင်းကာလအတွင်း အာရှတိုက်တွင် မိုးကြိုးပစ်မှုကြောင့် အောက်ဖော်ပြပါအတိုင်း ဘေးဒုက္ခရောက်ခဲ့ကြသည်ကို သိရှိနိုင်ပေသည်-

- မေ ၂၁ ရက် နံနက်ပိုင်းက အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် မိုးသက်မုန်တိုင်းတွေကျပြီး မိုးကြိုးပစ်ခဲ့မှုကြောင့် လူ ၄၂ ဦး သေဆုံးခဲ့ပြီး လူ ၅၀ ဒဏ်ရာရရှိခဲ့သည်။
- မေ ၂၃ ရက် နံနက်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရိုင်နှစ်ခုတွင် မိုးကြိုးပစ်မှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။
- မြန်မာနိုင်ငံအနေဖြင့် မတ်လအတွင်းမှာ နှစ်ကြိမ်၊ မေလအတွင်းမှာ (၁၀)ကြိမ် မိုးကြိုးပစ်ခဲ့ပြီး သေဆုံးသူ (၁၀) ဦး၊ ဒဏ်ရာရရှိသူ ခုနစ်ဦး၊ နွားနှစ်ကောင် သေဆုံးကာ မီးလောင်မှု တစ်ခု ဖြစ်ပွားခဲ့ပါသည်။ ဇွန် ၁ ရက်တွင် တစ်ဦးသေဆုံးခဲ့ပါသည်။

ထိုသို့မိုးကြိုးပစ်ခံရခြင်းမှ ရှောင်ကြဉ်နိုင်စေရန်အလို့ငှာ မိုးကြိုးအဘယ်ကြောင့် ပစ်ရသည်ကို လေ့လာတင်ပြရခြင်းဖြစ်ပါသည်။

က မိမိသည်အမြင့်ဆုံးဖြစ်မည်၊ အကယ်၍ ထီးဆောင်းထားပါက ထီး၏ထိပ်ဖျားသည် အမြင့်ဆုံးဖြစ်သည်။ ထို့အတူ ကွင်းပြင်တွင် လျှပ်စစ်အလွယ်တကူစီးနိုင်သော ရွှေ၊ ငွေ၊ သတ္တုပစ္စည်းများဖြစ်သည့် ထမင်းချိုင့်၊ ဒန်အိုး ဒန်ခွက်၊ သံနှင့်ပြုလုပ်ထားသည့် လယ်ယာသုံးပစ္စည်းများကို ကိုယ်နှင့်အတူ မထားသင့်ဘဲ ခွာ၍နေသင့်ပါသည်။

မိမိသည် လျှပ်စီးလက်သည်ကို မြင်လိုက်လျှင် မိမိကံကောင်းပြီ၊ မိမိကို မိုးကြိုးပစ်မခံရဟု မှတ်ယူနိုင်ပြီဖြစ်သည်။ လျှပ်စီးလက်သည်ကို မြင်ပြီးမှ ဝပ်ချခြင်းသည် မလိုအပ်ပေ။ အမှန်တကယ်မိုးကြိုးပစ်ပါက အလင်းရောင်နှင့်အသံ တစ်ပြိုင်တည်းကျရောက်ပြီး မိမိအား အန္တရာယ်ရှိမည်ဖြစ်သည်။

ထို့ကြောင့် မိုးကြိုးပစ်ခြင်းမှ ကာကွယ်ရန် မြင့်မားသည့်အဆောက်အအုံများ၊ ဘုရားပုထိုးစေတီများမှာ ကြေးချောင်းများနှင့်ပြုလုပ်သည့် မိုးကြိုးလွှဲများ လုံလောက်စွာ ပြုလုပ်ထားကြသည်။ လောင်စာဆီသယ်ဘောက်ဆာများတွင် သံကြိုးတစ်ချောင်းကို ကားလမ်းနှင့်ထိအောင် တွဲလောင်းချထားခြင်းမှာ မိုးကြိုးလွှဲဆောင်ရွက်ထားခြင်းဖြစ်သလို တည်ငြိမ်လျှပ်စစ်ပေါ်ပေါက်ခြင်းမှလည်း ကာကွယ်ထားခြင်းဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိုးကြိုးပစ်ခြင်းသည် မိုးဦးနှင့်မိုးနှောင်းတွင် ဖြစ်နိုင်သည်ဟု ဆိုသော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လျက်ရှိရာ ပြည်သူများအနေဖြင့် သွားလာနေထိုင်ကြရာတွင် သတိပြုနိုင်ကြစေရန် အလေးထားရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် မိုးကြိုးပစ်မှုများ

စဉ်	ရက်စွဲ	မြို့နယ်	ရပ်ကွက်/ကျေးရွာ	ပစ္စည်း	လူ		တိရစ္ဆာန်
					သေ	ဒဏ်ရာ	သေ
၁	၂-၃-၂၀၁၁	ပဲခူးမြို့နယ်	ဘုရားငုတ်တိုကျေးရွာ		၁	-	
၂	၂၆-၃-၂၀၁၁	ပဲခူးမြို့နယ်	ရှမ်းကြီးကျေးရွာ		၁	၁	
၃	၁၅-၅-၂၀၁၁	ကဝမြို့နယ်	ပေါက်ကုန်းကျေးရွာ		၁	-	
၄	၁၇-၅-၂၀၁၁	ကျောက်တံခါးမြို့နယ်	ယင်းဒိုက်ကုန်းကျေးရွာ		၁	-	
၅	၁၉-၅-၂၀၁၁	ဖြူးမြို့နယ်	ညောင်ပင်သာကျေးရွာ		၁	-	
၆	၂၀-၅-၂၀၁၁	ကျောက်တံခါးမြို့နယ်	ကုန်းလည်ရိုးကျေးရွာ		၁	-	နွား-၁
၇	၂၂-၅-၂၀၁၁	ထန်းတပင်မြို့နယ်	ပျဉ်တန်းကျေးရွာ		၁	-	
၈	၂၂-၅-၂၀၁၁	ညောင်လေးပင်မြို့နယ်	မင်္ဂလာကုန်းကျေးရွာ		၂	-	
၉	၂၃-၅-၂၀၁၁	တောင်သာမြို့နယ်	အောင်သာကျေးရွာ		၁	၃	
၁၀	၂၃-၅-၂၀၁၁	သဲကုန်းမြို့နယ်	ရွှေလဲသဲကုန်းကျေးရွာ		၁	၁	နွား-၁
၁၁	၂၄-၅-၂၀၁၁	အင်းစိန်မြို့နယ်	တညင်းကုန်းအုတ်စက်	ထရန်စဖော်မာ	-	-	
၁၂	၃၀-၅-၂၀၁၁	ဖျာပုံမြို့နယ်	မှော်ဝင်စုကျေးရွာ		၁	၃	
၁၃	၁-၆-၂၀၁၁	ကျောက်တံခါးမြို့နယ်	တောင်ပေါ်ရွာ		၁	-	
			စုစုပေါင်း	၁	၁၃	၈	၂

❐ ရှေ့ဖုံးမှ

ပပျောက်စေရေးကိုလည်း ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေးတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက ခရိုင်အတွင်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်း(၈)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများ၊ လယ်ယာကုန်ထုတ်အသင်းများဖွဲ့စည်းမှု၊ စံပြလယ်ယာ၊ ပေါင်းစည်းလယ်ယာများ ဆောင်ရွက်ထားမှု၊ အသေးစားငွေစု ငွေချေးလုပ်ငန်းများ၊ စိုက်ပျိုးထုတ်လုပ်မှု သမဝါယမအသင်းများ၊ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းများ၊ ငွေစုငွေချေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်း၊ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီဝင်များ၊ မအူပင်မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ ဇူလိုင် ၆ ရက်က သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ဝင်/ မြို့ထွက် စိမ်းလန်းစိုပြည်မှုအတွက် မြေယာရှုခင်းဆောင်ရွက်ထားရှိမှု၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေထွက်ပေါက်၊ လမ်းဖြတ် တံတားငယ်များနှင့် ရေစီးမြောင်းပြုပြင်သန့်ရှင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်တို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားဝင်းအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးရဲမြင့် ဖုန်း-၀၉-၅၅၀၆၁၀၉၊ အတွင်းရေးမှူး ဦးသောင်းညွှန့် ဖုန်း-၅၅၅၆၅၁၊ ဦးခင်အောင် ဖုန်း-၀၉-၈၆၂၇၄၂၂နှင့် ကျောင်း ဖုန်း-၂၉၇၉၄၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူရေး မြောင်းမြမြို့နယ်၌ ကွင်းဆင်းဆွေးနွေး

မြောင်းမြ ဇူလိုင် ၁၈

စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းဖြင့် အစာပို၊ လူပိုမလိုဘဲ လယ်ကွင်းတစ်နေရာတည်းမှပင် စပါးနှင့်ဟင်းလျာငါးပါ တစ်ပြိုင်တည်းရရှိနိုင်သည့် စပါးစိုက်ခင်းများအတွင်း ငါးစိုက်ထည့်မွေးမြူခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာရှိ စိုက်ပျိုးပညာပေးရေးစခန်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါအခမ်းအနားတွင် မြောင်းမြခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင် **(အောက်ပုံ)**က ကျေးရွာအုပ်စု ခြောက်စုမှ တောင်သူများအား ကျေးလက်ဒေသ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည့် စပါးစိုက်ခင်းများအတွင်း ငါးမွေးမြူခြင်းနှင့်စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

19-7 (05).pmd 1 7/19/2011, 1:54 AM

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်း တွင် သတ်မှတ်နေရာများ၌ ဆက်လက် ကျင်းပရာ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီး ဌာနအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်း ကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ကိုးဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစား ကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း က အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင် ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

၂၀၁၁ ခုနှစ် ပဉ္စမ အကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမ အဆင့်အုပ်စုပတ်လည် ပွဲစဉ်တွင် ပို့ဆောင်ရေး ဝန်ကြီးဌာန အသင်း နှင့် အမှတ်(၂) စက်မှု ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

ဇူလိုင် ၁၉ ရက်တွင် ပွဲစဉ်များ ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက် ပွဲစဉ် များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ အလုပ်သမားဝန်ကြီး ဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီး ဌာနအသင်းနှင့် သာသနာရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

Myanmar Senior Professional Golfers Association သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

၂၀၁၁ ခုနှစ် Myanmar Senior Professional Golfers Association သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel Myanmar Ballroom ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာစီနီယာ ပီဂျီအေ ဥက္ကဋ္ဌ ဦးစန်းနောင်နှင့် အတွင်းရေးမှူး ဦးချမ်းဟန်တို့က စီနီယာဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းနှင့်စာနယ်ဇင်းများမှ သတင်းစာဆရာများက သိလိုသည်များကို မေးမြန်းကြရာ အတွင်းရေးမှူး ဦးချမ်းဟန်က ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိလိယက်နှင့် စနူကာလက်ရွေးစင် အားကစားသမားများ ဆီးဂိမ်း၌ ရွှေတံဆိပ်ဆုဆွတ်ခူးရန် လေ့ကျင့်နေ

ရန်ကုန် ဇူလိုင် ၁၈

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - ကျော်မြင့်သန်း(လမ်းမတော်)

အစိမ်းရောင်ကတ္တီပါအခင်း၊ မီးရောင်ကြောင့် ထင်ရှားပေါ်လွင်နေသော ဘောလုံး၊ ချောမွတ်ရှည်လျားသည့်ထိုးတံအား စိတ်တည်ငြိမ်စွာဖြင့် ဘောလုံးကိုထိုးလိုက်ရာ လိုရာကျင်းပေါက်သို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသည်ကို စာရေးသူတွေ့လိုက်ရသည်။ လက်ရည်ကောင်းသည့် ဘိလိယက်ကစားသမားတစ်ဦးပင်ဖြစ်သည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အားကစားခန်းမသို့ စာရေးသူရောက်ရှိချိန်တွင် ဘိလိယက်ခုံများ၌ လေ့ကျင့်နေကြသည့် ဘိလိယက်အားကစားသမားများကို မြင်တွေ့လိုက်ရသည်။ စိတ်ဝင်စားစွာဖြင့် ကြိုးစားလေ့ကျင့်နေကြသည့် ဘိလိယက်နှင့် စနူကာ အားကစားသမားများမှာ လေ့ကျင့်မှုတွင် စိတ်ရောကိုယ်ပါနစ်မြုပ်လျက် လေ့ကျင့်နေကြသည်။ ***(ယာပုံ)***



"ဒီအားကစားသမားတွေက (၂၆)ကြိမ်မြောက် ဆီးဂိမ်းအတွက် ရွေးချယ်လေ့ကျင့်နေကြတာဖြစ်ပါတယ်။ အမျိုးသားစုစုပေါင်း ၁၁ ဦးဖြစ်ပြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ သုံးဦး၊ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တစ်ဦးအပါအဝင် လက်ရည်ထက်မြက်တဲ့ ကစားသမားတွေကို ရွေးချယ်ဖွဲ့စည်းထားတာပါ။ ဒီကစားသမားတွေထဲမှာ ဘိလိယက်ကစားသမား လေးဦး၊ စနူကာကစားသမား ငါးဦးနဲ့ Caram ကစားသမား နှစ်ဦးတို့ပါဝင်ထားပါတယ်"ဟု မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာမင်းနိုင်က ရှင်းပြသည်။

ဘိလိယက်နှင့်စနူကာ အားကစားသမားများကို သီတင်းအပတ်စဉ် တနင်္ဂနွေနေ့သာ နားရက်ပေးထားပြီး ကျန်သည့်နေ့များတွင် နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၈ နာရီအထိ တစ်ကြိမ် လေ့ကျင့်လျက်ရှိသည်။ အားကစားသမားတစ်ဦးမှာ တစ်နေ့လျှင် ခြောက်နာရီကြာမျှ နှစ်လုံးပေါက် လေ့ကျင့်ကြရသည်။ ယခု (၂၆)ကြိမ်မြောက် ဆီးဂိမ်းအတွက် ၂၀၁၁ခုနှစ် ဇန်နဝါရီမှစတင်ကာ စခန်းသွင်းလေ့ကျင့်ပေးနေခြင်းဖြစ်သည်။

မြန်မာဘိလိယက်အားကစားသမားများသည် အိုင်ယာလန်နိုင်ငံ၌ လာမည့် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘိလိယက် ပြိုင်ပွဲသို့လည်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အားကစားသမားများသည် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ၌ သုံးကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၂၀၀၃ ခုနှစ်၌ ကွာတားဖိုင်နယ်၊ ၂၀၀၇ ခုနှစ်က တတိယရရှိခဲ့ပြီး ၂၀၁၀ ခုနှစ်က ကွာတားဖိုင်နယ်အထိ ရောက်ရှိခဲ့သည်။

ထို့အတူ ၂၀၀၆ ခုနှစ်ကလည်း မြန်မာလက်ရွေးစင်ဘိလိယက်အားကစားသမားများ အာရှ၌ ချန်ပီယံဖြစ်ခဲ့သည်။ တစ်ဖန် ဆီးဂိမ်းပြိုင်ပွဲများ၌လည်း ယခုအထိ ရွှေတံဆိပ်စုစုပေါင်း ၁၁ ဆု ရရှိခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာဘိလိယက်အားကစားသမားများအနေဖြင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အားထားရမည့်ပြိုင်ပွဲများမှာ ဘိလိယက်တစ်ဦးချင်းနှင့် ဘိလိယက်နှစ်ဦးတွဲပွဲစဉ်များဖြစ်သည်။ ယင်းပွဲများ၌ ရွှေတံဆိပ် ဆွတ်ခူးနိုင်မည်ဟု မျှော်မှန်းထားသည်။ စနူကာမှာ ယခုအချိန်အထိ ဆုမရရှိခဲ့ဖူးသော်လည်း ယခုပွဲ၌ ဆုရရှိမည်ဟု မျှော်မှန်းထားသည်။ Caram အားကစားတွင်လည်း ဆုတံဆိပ်ရရှိအောင်ကြိုးစားနေရာ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အခါ ဘိလိယက်၊ စနူကာနှင့် Caram အားကစားများမှ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရန် စတင်ကြိုးစားနေခြင်းဖြစ်ပါကြောင်း။ ***(မြန်မာ့အလင်း)***

ကွမ်းလုံခရိုင် ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၂၁ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်မှူး ဦးမျိုးဝင်းရှိန်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (၄၀၂)

ဓမ္မာရုံဆောက်လုပ်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၈

ညောင်ဦးခရိုင် စဉ့်ကူမြို့နယ် မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီတော်ကြီး ရင်ပြင်တွင် ဆောက်လုပ်ဆဲဖြစ်သည့် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ ဘုရား၊ ဆီမီး ၉၉၀၀ အဖွဲ့ ဓမ္မာရုံကြီးအတွက် ဇူလိုင် ၉ ရက်က ကမာရွတ်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်စန္ဒာအောင်၊ အထက (၁၀) တာမွေကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ၊ အလက(၃) အင်းစိန်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နီတို့ စုပေါင်း၍ ကွန်ကရစ် တိုင်တစ်လုံးအတွက် ငွေကျပ်တစ်သိန်းငါးသောင်း လှူဒါန်းပွဲကျင်းပရာ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသီတို့ ဆောက်လုပ်ဆဲ ဓမ္မာရုံပြီးစီးမှုအခြေအနေကို ရှင်းလင်း ပြောကြားကြပြီး အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံယူသည်။ **(အောက်ပုံ)** လှူဒါန်းလိုသူများအနေဖြင့် ဦးမြင့်စိုး ဖုန်း-၀၉-၅၀၆၆၅၀၀၊ ဦးအေးသီ ဖုန်း-၆၄၃၅၉၃နှင့် ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၈၁၉၁၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၃၁)**

တီရစ္ဆာန်ရောဂါများကာကွယ်ရေး ရွှေကူမြို့၌ဟောပြော

ရွှေကူ ဇူလိုင် ၁၈

ကချင်ပြည်နယ် ရွှေကူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဝက်နားရွက်ပြာရောဂါ၊ ခွေးရူးရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးပွဲကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမောင်မောင်ဦးက ဝက်နားရွက်ပြာရောဂါ၊ခွေးရူးရောဂါအကြောင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများ ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ဖြန့်ဝေ

ဆက်လက်၍ ဒေါက်တာမောင်မောင်ဦးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မြို့ပေါ်ရပ်ကွက်များရှိ ဝက်ခြံများသို့သွားရောက်စစ်ဆေး၍ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နှိုးဆော်ချက်လက်ကမ်းကြော်ငြာများ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကျန်းမာရေး ပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၆ ရက် နံနက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်က ကျောင်းသားများပညာရည်မြင့်မားစေရန်အတွက် ကျန်းမာသော ကျောင်းသားများဖြစ်ရန် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။ ဆက်လက်၍ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာမျိုးသိဂီကို သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်နော်ရှဲဆေးက ဝမ်းရောဂါကာကွယ်ရေးအကြောင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေး ဆရာမဒေါ်သင်းသင်းလှိုင်က အနာကြီးရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၂၁)



ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှေ့ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးထင်အောင်မြင့် ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သစ်ပင်စိုက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တက်ရောက်၍ အထိမ်းအမှတ်အဖြစ် တမာပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးဖုန်းဇော်ဟန်၊ ဦးမြင့်သန်း၊ ဦးအောင်ဇံနှင့်ဦးကျော်ဆန်းတို့က သတ်မှတ်နေရာများ၌ တမာပင်နှင့် ယူကလစ်ပင်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ ယူကလစ်ပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျောက်တစ်လုံးလျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လျှပ်စစ် မြစ်ရေတင်လုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် ဆေးပဒေသာပင်နှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးကာ ဆေးရုံ၌ ကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက မြင်းခြံ ဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ ကျင်းပသော မြင်းခြံမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စတင်စိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်းခြံမြို့နယ် ဆိတ်ညံလျှပ်စစ် မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး လျှပ်စစ် မြစ်ရေတင်စက်များ၏ မြစ်ရေတင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခုတင်(၁၀၀)ဆံ့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်းခြံမြို့ မြို့ဝင်မြို့ထွက် စံပြကွက်၌ တောင်သူ ဦးမြင့်ဟန်၏လယ်မြေရှိစကေတွင် ဆင်းသုခမျိုး နွေစပါးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညနေပိုင်းတွင် တောင်သာမြို့နယ် ဝဲလောင်ရေလှောင်တမံသို့ ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ကျောက်ရိုးစီရေထိန်းတမံ ပြုပြင်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြေစိုက်ပိုစတာ စိုက်ထူနေမှုကို ဇူလိုင် ၅ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ကျော်ခိုင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာဂရကျေးရွာ၌ အထက(ခွဲ)ဖွင့်

သာစည် ဇူလိုင် ၁၈

မိတ္ထီလာခရိုင် သာစည်မြို့နယ် သာဂရကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ဇွန် ၂၂ ရက် နံနက်က အဆိုပါကျောင်း၌ကျင်းပရာ သာဂရကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို သာစည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေး၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးညွှန့်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေမောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးညွှန့်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီလွင်က တာဝန်ရှိသူများသို့ အထက်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအထိမ်းအမှတ် အလံများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဝ၂)

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူ မချိုချိုယဉ်အား ဆုချီးမြှင့်ပေးအပ်ပွဲကို ဇွန် ၁၁ ရက်က ပြည်မြို့ နဝင်းရဲရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်ခင်ဆွေငြိမ်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၀၄)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြော

ကျွန်းလှ ဇူလိုင် ၁၈

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၉ ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ဥပဒေအရာရှိတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေး ဥပဒေအကြောင်းကို ဟောပြောကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ငွေချည်(၆) ဝါသီးနှံအတွက် နှမ်းမြင့်မားရေး ပညာပေးသင်တန်းကို မကွေးတိုင်းဒေသကြီး ဝါနှင့်ပိုးချည်လုပ်ငန်း အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက်ကကျင်းပရာ မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင် သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ရေနုတ်မြောင်းများ ရှင်းလင်းဆောင်ရွက်

တန့်ဆည် ဇူလိုင် ၁၈

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၂)ဈေး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၁၄ ရက်က အမှုဆောင်အရာရှိ ဦးငွေကို၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းအတိုအထွာ ၁၈-၇-၂၀၁၁

ငါးသယံဇာတထိန်းသိမ်းရေး ကျောက်ဆည်၌ ပညာပေးဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မြင်စိုင်းခန်းမ၌ ဇွန် ၁ ရက် မွန်းလွဲပိုင်းကကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တွေ့ဆုံဆွေးနွေးပွဲ၌ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်အေးက ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး၊ ငါးရစ်ငါးသန် ကာကွယ်တားဆီးရေး၊ တားမြစ်ထားသည့်ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီ(ကျဉ်စက်)များဖြင့် ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း လုံးဝမပြုလုပ်ရေး၊ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၁၂၁)

စီမံကိန်းရည်မှန်းချက်များ ဝိုင်းမော်၌ တာဝန်ပေးအပ်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပရာ ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ စီမံကိန်းရည်မှန်းချက်များကို တာဝန်ရှိသူအသီးသီးထံသို့ စီမံကိန်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငှက်ဖျားရောဂါကာကွယ်ရေး အမ်းမြို့နယ်၌ ဆွေးနွေး

အမ်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် အသိပေး ဆွေးနွေးပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက်ကကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး စီမံချက်အကြောင်း အသိပေးဆွေးနွေးပြီးနောက် တက်ရောက်လာကြသူများအား ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများဖြန့်ဝေပေးပြီး ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင် အသုံးချနည်းများကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ရမည်းသင်းတွင် စီမံကိန်းတာဝန်ပေးအပ်

၂၀၁၁-၂၀၁၂ ခုနှစ် ရမည်းသင်းမြို့နယ်၏ စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား စီမံကိန်းတာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၁၅)

ပျော်ဘွယ်၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မြင်းတဲကျေးရွာအုပ်စု ကျီတိုင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကို ဇွန် ၁၇ ရက် နံနက်က ကျောင်းဆောင်သစ်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

အဆိုပါကျောင်းဆောင်သစ်ကို ကျီတိုင်ကုန်းကျောင်းတိုက်ဆရာတော် ဦးဝိမလ၏ မတည်လှူဒါန်းငွေ၊ ကျေးရွာနေပြည်သူများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေနှင့် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆောက်အအုံအမျိုးအစားမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ RC တစ်ထပ်အမျိုးအစားဖြစ်ကာ စုစုပေါင်းငွေကျပ်သိန်း ၄၅၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်းသိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ညောင်ရွှေ၌ ဆောင်ရွက်

တောင်ကြီးမြို့နယ် စဝ်စံထွန်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးညဏ်လင်း ဦးဆောင်သော ဆရာဝန်များအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးမြင့်သိန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ဇွန် ၂၀ ရက်က အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တီရစ္ဆာန်ကူးစက်ရောဂါများအကြောင်း စစ်ကိုင်း၌ ဟောပြော

စစ်ကိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဝက်နားရွက်ပြာရောဂါနှင့်တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက်က စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝေဝေခင်က ဝက်နားရွက်ပြာရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမြင့်စိုးက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းအကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါက်တာမင်းညွှန့်ဦးက အပြင်းစားကြက်ငှက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပေါင်းပျိုးစနစ်ဖြင့် စုပေါင်းပျိုးထောင်ပွဲ နတ်မောက်၌ကျင်းပ

နတ်မောက်မြို့နယ်ရှိ နတ်မောက်ရေလှောင်တမံ ဆည်ရေသောက်လယ်များ အတွင်း မိုးစပါးစံပြကွက် ဧက ၅၀တွင်စိုက်ပျိုးရန် သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင်မှုသရုပ်ပြပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက န/လက်ခုပ်ပင်ကျေးရွာ တောင်သူဦးအောင်ဆန်းမြင့်၏လယ်မြေ၌ တောင်သူများစုပေါင်းပျိုးထောင် သရုပ်ပြခဲ့ကြကြောင်း သိရှိရသည်။ (၁၂၇)

လုပ်ငန်းများကို သဘောထားချင်းတူညီပြည်သူများ အစုအဖွဲ့အလိုက်ပူးပေါင်း

သမဝါယမဝန်ကြီးဌာနမှ အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး ကူညီမည်

နေပြည်တော် ဇူလိုင် ၁၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ကော်မတီဝင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဆုတောင်းပြည့်ဘုရားကြီးဓမ္မာရုံ၌ နှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းလုပ်ကိုင်ကြသူများ၊ မြို့နယ်သမဝါယမအသင်းစု အသင်းသားများ၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သမဝါယမလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေကြသူများနှင့်တွေ့ဆုံ၍ အစုအဖွဲ့များ ဖွဲ့စည်းလုပ်ကိုင်မည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ သမဝါယမဘဏ်လီမိတက်သို့ ရောက်ရှိ၍ ခေတ်မီအီလက်ထရွန်နစ်နည်းပညာများဖြင့် E- Banking လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ **(အပေါ်ယာပုံ)** ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရော်ဘာနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးသူများ၊ ဥယျာဉ်ခြံသစ်သီးဝလံစိုက်ပျိုးသူများ၊ တောင်သူလယ်သမားများ၊ရေလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမ အသင်းစုချုပ်၊ အသင်းစု၊ အသင်းသားများနှင့် သမဝါယမလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသူများအားတွေ့ဆုံ၍ လက်တွေ့ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ လုပ်ငန်းအလိုက်အစုအဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီ၊ ငွေကြေးအရင်းအနှီးအကူအညီ၊ ဈေးကွက်ရရှိရေး သမဝါယမနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ပြောကြား

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန် နိုင်ငံတော်က နည်းပညာပိုင်းနှင့် ငွေကြေးလုပ်ငန်းရှင်များစည်းရုံးဆောင်ရွက်ပေးနေမှုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြည်သူလူထုအများစု၏ အကျိုးစီးပွား တိုးတက်မြင့်မားလာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း(၈)ရပ် အောင်မြင်နိုင်စေရန် လုပ်ငန်းများကိုစိတ်တူကိုယ်တူ သဘောထားချင်းတူညီသော ပြည်သူလူထုများအား အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်စေမည်ဖြစ်ပြီး သမဝါယမဝန်ကြီးဌာနအနေဖြင့် အရင်းအနှီးငွေကြေး၊ နည်းပညာနှင့်ဈေးကွက်ရရှိရေးတို့ကို အထောက်အပံ့ပြုကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အကြံပြုဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်က အကြံပြုဆွေးနွေးသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ၊ သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ တက်ရောက်လာသည့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများနှင့် ပူးပေါင်းကာ ကဏ္ဍတူမျိုးတူစု အစုအဖွဲ့များ၊ ငွေစုငွေချေးအသင်းများကို တစ်မြို့လျှင် အသင်းစုတစ်စုနှင့် အသင်းခွဲများ တစ်ပြိုင်နက် ဖွဲ့စည်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ သမဝါယမသင်တန်းကျောင်းနှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရနှင့်ဝန်ထမ်းများ တက်ညီလက်ညီဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး

မြင်းခြံပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြင်းခြံမြို့ရှိ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း Control Panel များ၊ Switch Gear Panel များနှင့် Protection Relay များကို လည်းကောင်း၊ Switch Yard အတွင်း သာစည်-မြင်းခြံ ဓာတ်အားလိုင်းမှ ဓာတ်အားလက်ခံပြီး မြင်းခြံ-ညောင်ဦးခရိုင်အတွင်း တည်ဆောက်ပြီးဖြစ်သည့် လောကနန္ဒာ၊ သူကောင်းတည်၊ ကျောက်တူး၊ ငါ့သရောက်၊ ကျောဇီ၊ ဆိတ်ညံ၊ စွန်းလွန်း၊ ဆီမီးခုံ(၁)၊ ဆီမီးခုံ(၂)နှင့် ဆီမီးခုံ(၃)တိုးချဲ့၊ ရွာသစ်၊ ကျောက်တစ်လုံး အစရှိသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ၁၁ ခု၊ စက်မှုဇုန်များနှင့် အနီးပတ်ဝန်းကျင်မြို့များသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ ထရန်စဖော်မာများနှင့် Gas Circuit Breaker များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြင်းခြံခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံဆောင်ရွက်ကြရေး၊ လျှပ်စစ်နှင့်ပတ်သက်၍ ပြည်သူတို့၏ လိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် ပြည်သူကို အကျိုးပြုသော ဝန်ထမ်းများဖြစ်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးသိုင်းချောင်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၈

ငါးသိုင်းချောင်းမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇူလိုင် ၃၀ ရက် (ဝါဆိုလကွယ်နေ့) နံနက် ၉ နာရီတွင် ဦးဘိုးမောင်ကျောင်းတိုက် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားအနီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ ငါးသိုင်းချောင်းမြို့နယ်သူ မြို့နယ်သားများနှင့် အလှူရှင်များ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆နှင့် ဦးလှဝင်းအောင် ဖုန်း - ၀၉-၇၃၁၀၀၁၃၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပဋိဂ်ကမင်္ဂနှင့် အဋ္ဌဂ်ကမင်** တရားတော် (ဆရာတော် ဦးဃောသိတ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၁)
၈:၅၀	ရွာလေ့နှင့် ကြည်မွေ့ဖွယ်ရာ ကျေးလက်ရှင်ပြု အလှူတော်မင်္ဂလာ
၉:၁၀	ထူးမြတ်အလှူ ကုသိုလ်ယူ
၉:၂၅	မကွေးမြို့တွင် ဆင်ယင်နွဲ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၉:၄၅	Cartoon Show Time (Green Latern)
၁၀:၃၀	သစ္စာအောင်မြေပန်းစေတီနှင့် မေတ္တာအောင်မြေပဌာန်းစေတီ ထီးတော်တင်လှူပူဇော်ပွဲ
၁၀:၅၀	Celebrity Style (ယုဇန)
၁၁:၁၀	Praram 9 Hospital (အပိုင်း-၄)
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သင်ကြားရေးလမ်းညွှန် (Webster University Thailand)
၁၂:၄၀	ကူညီဖေးမ ပရဟိတ
၁:၀၀	**ပဋိဂ်ကမင်္ဂနှင့် အဋ္ဌဂ်ကမင်** တရားတော် (ဆရာတော် ဦးဃောသိတ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ကြည့်မြင်တိုင်မြို့နယ် သာသနာ့နုဂ္ဂဟအသင်းကြီး၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သြဝါဒခံယူခြင်းအခမ်းအနား
၂:၃၅	Avamin ရိုက်ကွင်းအမှတ်တရ
၂:၅၅	လှိုင်သာယာမြို့နယ် ဆုတောင်းပြည့် ပတ္တမြားစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်အလှူတော်မင်္ဂလာ
၃:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၉)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၁)
၅:၀၀	အရိုးပွရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
၅:၂၀	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ
၆:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၀)
၇:၂၅	Celebrity Choice (မင်းသွေး)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အနုပညာမိုးကောင်းကင်
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၂)
၁၀:၂၀	Box Office Movies (အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်)
၁၀:၄၅	**မေတ္တာပန်းတို့မွေးပုံစေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
၁၁:၀၀	World of Knowledge (Is it Real; King Aurthur)
၁၁:၅၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၁၂:၀၅	ဖန်တီးသူနှင့် အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၁)
၁၂:၃၅	မြန်မာ့ **အိုး**
၁၂:၄၀	Movie Mistakes (Spider Man)
၁:၀၅	ဆေးဖက်ဝင်…ဝင်ငွေတိုး… **'ဝ'** ဥပင်ကိုပျိုး
၁:၂၅	Celebrity Profile (Avirl Lavigne)
၂:၀၀	သတ္တုတူးသောရွာကလေး
၂:၁၀	Shooting Location (သီရိဂုဏ်)
၂:၃၀	ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၂:၄၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ဒို့တိုင်းဌာနီ ဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
၄:၂၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၅၀	ထူးထူးခြားခြားပဲခူးမြို့မှမြွေဘုရား
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လယ်ယာကုန်ထုတ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေး

သမဝါယမ ဒုတိယဝန်ကြီး ဆွေးနွေးမှာကြား

တပ်ကုန်း ဇူလိုင် ၁၈

သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်းသည် ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စု ညောင်လွန့် လယ်ယာကုန်ထုတ်အသင်း အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားများအားတွေ့ဆုံ၍ ကျေးရွာနေတောင်သူလယ်သမားများအား လူနေမှုဘဝမြှင့်တင်ရေးအတွက် လိုအပ်ချက်များနှင့် သမဝါယမဝန်ကြီးဌာနမှ ပံ့ပိုးပေးမည့်အစီအစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

19-7 (08).pmd 1 7/19/2011, 1:54 AM



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တာဝန်ယူ တည်ဆောက်နေသော ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၊ လက်ပန်ခြေပေါ်ဘက်ကမ်းသို့ရောက်ရှိရာ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေးက ပခုက္ကူဘက်ကမ်းတွင် သံပေါင်များကို သုံးနေရာခွဲ၍ တစ်ပြိုင်တည်းတပ်ဆင်နေမှု၊ ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် ချဉ်းကပ်ကားလမ်းများဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးက လက်ပန်ခြေပေါ်ဘက်ကမ်းတွင် ပင်မတံတား သံပေါင်တပ်ဆင်နေမှု၊ ချဉ်းကပ်တံတားနှင့် ကားလမ်းများဆောင်ရွက်နေမှု၊ တံတားကြမ်းခင်းပြားများ၊ လက်ရန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လက်ပန်ခြေပေါ်ဘက်ကမ်း၌ တံတားကြမ်းခင်းပြားများ၊ လက်ရန်းများ သံဂဟေဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားပေါ်ရှိ ယာယီသံလမ်းမှ ရထားစက်ခေါင်းတွဲဖြင့် ကြမ်းခင်းများ ဆက်လက်သွန်းလောင်းရန် ဆောင်ရွက်နေမှုနှင့် သံပေါင်များ ဆက်လက်တပ်ဆင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရေလယ်ကျွန်းသံပေါင်ခုံးဆက်များ တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူဘက်ကမ်း ရှင်းလင်းဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ရေဝတီတံတား (ပခုက္ကူ) ၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၀၀ ခုနစ်ခန်း၊ မီတာ ၁၂၀ (၂၃)ခန်း စုစုပေါင်း အခန်း ၃၀ ပါရှိပြီး ယနေ့အထိ သံပေါင် ၁၆ ခန်း တပ်ဆင်ပြီးစီးနေပြီဖြစ်သည့်အတွက် ၁၄ ခန်း ကျန်ရှိကြောင်း၊ သံပေါင်တပ်ဆင်ပြီးစီးမှု ရာခိုင်နှုန်းမှာ ၅၂ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ရေဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းနှစ်ဖက် အရှည် ၁၃၅၃၇ ပေ၊ မီးရထားလမ်း နှစ်ဖက်အရှည် ၂၀၅၉၇ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ် နှစ်လမ်းသွားနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၃ လက်မစီ ပါရှိကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ အမြင့် ၅၂ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုရည်ရွယ်ပြီး အကောင်အထည်ဖော်

လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိရေး အလေးထား

နေပြည်တော် ဇူလိုင် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံးသို့ ရောက်ရှိစစ်ဆေးရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ညွှန်ကြားရေးမှူး ဦးချစ်မြက တိုင်းဒေသကြီး၏ ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ဖြည့်စွက်မှာကြား

တွေ့ဆုံပွဲတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ တိုင်းဒေသကြီးအဆင့် အရာထမ်းများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

အလေးထားဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဌာန၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရသင့်ရထိုက်သည့်လုပ်ငန်း အောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က (၁၀)ကြိမ်မြောက် M-CCM အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားပြီး အစည်းအဝေးက အတည်ပြုသည်။

ထို့နောက် ရောဂါကြီး (၃)မျိုး တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ GF Round 11 သို့ လျှောက်ထားမည့် လုပ်ငန်းစဉ်များကို ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာခင်ဥမ္မာစံက AIDS ရောဂါတိုက်ဖျက်ရေး စီမံချက်နှင့်ပတ်သက်၍လည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာသန္တာလွင်က တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်နှင့်ပတ်သက်၍ လည်းကောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာနီနီအေးက ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (GF Round 11) အတွက် ရန်ပုံငွေလျှောက်ထားမှုလျာထားချက်ကို M-CCM အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ အက်စ်ကျော်လှတို့က အတည်ပြု လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ (၉)ကြိမ်မြောက်ရန်ပုံငွေမှ ဆေးနှင့်ဆေးပစ္စည်း မှာယူတင်သွင်းသည့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကို Save the Children (Global Fund PR Unit), Associate Director of Finance Mr. Giao Trinh နှင့် UNOPS (PR- GFATM, UNOPS) မှ Public Health Programme Officer Dr. Faisal Mansoor တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် M-CCM အဖွဲ့ဝင်များက အဖွဲ့၏ လုပ်ငန်းလမ်းညွှန်ချက် လက်စွဲကို အတည်ပြုခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးက မိခင်နှင့်ကလေးကျန်းမာရေးအတွက် ကျွမ်းကျင်မှုနှင့် နည်းဗျူဟာဆိုင်ရာ အကြံပေးအဖွဲ့၏ ဖွဲ့စည်းမှုနှင့် ရှေ့လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ကမ္ဘာ့ရန်ပုံငွေအဖွဲ့၏ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ M-CCM အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အင်္ဂါဇယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၅ ၉။ **စည်းကမ်းလိုက်နာ ဘေးကင်းမှာ**
- ၈:၄၀ ၁၀။ **International News**
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အကပြိုင်ပွဲ
- ၄:၃၀ ၄။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်**
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်**
- ၅:၂၅ ၈။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၅:၄၀ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၁၀)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၆)
- ၂၀။ အစီအစဉ်ပြီး၏။

မိတ္ထီလာကန်အတွင်းသို့ ရေဆိုးများဝင်ရောက်မှုမရှိရေး စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ် ပေါက်ချောင်းရပ်ကွက် ပေါက်ချောင်း ရေဆိုးကန်မှ ရေဆိုးများ စွန့်ထုတ်နေမှုကို ဇွန် ၂၁ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးအောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၈

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၁	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၂	ကယားပြည်နယ်	၂၈	၂၁	နေရာကွက်ကျားမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာကျဲကျဲမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၅	နေရာကွက်ကျားမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာစိပ်စိပ်မိုးရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၁	၂၅	နေရာကွက်ကျားမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၆	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၁	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၅	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၆	၂၆	နေရာကွက်ကျားမိုးရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားကောင်းမည်။

● *ကျောဖုံးမှ*

စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘဲဝမ်းကျရောဂါ ကျရောက်မှု မရှိစေဖို့ ဌာနကထုတ်ပေးထားတဲ့ ကာကွယ်ဆေးထိုးခြင်းကို ကွင်းဆင်းထိုးနှံ ပေးထားပါတယ်။ ၂၀၀၄ ခုနှစ်က ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပွဲမှာ သနပ်ပင်မြို့နယ်ဟာ ဘဲမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုအဖြစ် ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရပါတယ်”ဟု အစကနဦး ရှင်းပြပြောဆိုသည်။

ထို့နောက် စာရေးသူသည် သနပ်ပင်-ကမာစဲကားလမ်း မိုင်တိုင်အမှတ် (၉/၁)အနီးရှိ သနပ်ပင်မြို့နယ် ဘဲမွေးမြူရေးနှင့် ဘဲဥရောင်းဝယ်ရေးလုပ်ငန်း အတွင်းရေးမှူး ဒေါက်တာခင်မောင်မြင့် မွေးမြူထားသော ဘဲခြံသို့ရောက်ရှိခဲ့ပြီး ဘဲမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့ရာ-

စာရေးသူ - **ဘဲကို ဘယ်လိုပုံစံနှင့် မွေးမြူရသလဲ သိပါရစေ။**

ဒေါက်တာ ခင်မောင်မြင့် - ဘဲကို ကျွန်တော်တို့မြို့ရဲ့ မိရိုးဖလာ ဓာတ်ဘဲသားဖောက်လုပ်ငန်းကနေ ၂၈ ရက်သား သားပေါက် ဘဲငယ်လေးတွေကို အထီး၊ အမ ခွဲခြားထားပြီး အဲဒီအထဲက အမတစ်ကောင်ကို ငါးရာကျပ်နှုန်းနဲ့ ဝယ်ယူပြီး မွေးမြူရပါတယ်။ ငါးလသားဆိုရင် ဥစမ်းပါပြီ။

မေး - **ဘဲကောင်ရေ ဘယ်လောက်မွေးထားပါသလဲ။**

ဖြေ - ဘဲကောင်ရေ သုံးထောင်မွေးထားပါတယ်။

မေး - **တစ်နေ့ဘဲဥ ဘယ်လောက်ရပါသလဲ။**

ဖြေ - တစ်နေ့ဘဲဥ ၂၅၅၀ လောက် ရပါတယ်။

မေး - **ဘဲကိုအစာဘယ်နှကြိမ်ကျွေးပါသလဲ။**

ဘဲမွေးမြူရေးခြံမှထွက်ရှိသော ဘဲဥများကိုလည်း ဈေးကွက်သို့ ပို့ရန် အသင့်ဖြစ်နေသည်ကို ဤသို့တွေ့ရသည်။

ဖြေ - ပုံမှန်အားဖြင့် နံနက် ၉ နာရီခွဲ၊ နံနက် ၁၁ နာရီ၊ ညနေ ၅ နာရီခွဲ၊ ည ၇ နာရီတို့မှာ ကျွေးပါတယ်။

မေး - **ဘဲတွေကို အစာနဲ့ရေ ဘယ်လိုပုံစံမျိုးကျွေးပါသလဲ။**

ဖြေ - ပေ (၁၀၀×၆၀) ဘဲခြံတစ်ခြံ တည်ဆောက်ထားရင် ဘဲကောင်ရေ ၃၀၀၀ လောက်မွေးနိုင်ပါတယ်။ အစာခွက် ၃၀ နဲ့ ရေခွက် ၃၀ ရှိပြီး တစ်နေ့ကို အနည်းဆုံးနှစ်ကြိမ် ဆေးကြောလဲလှယ်ပေးရပါတယ်။

မေး - **တစ်နေ့ကို ဘဲစာ ဘယ်လောက်ကျွေးရပါသလဲ။**

ဖြေ - ဘဲစာကတော့ ပုစွန်ကွဲ၊ ဆန်ကွဲ၊ ဖွဲနု၊ ခရုမှုန့်နဲ့ ဗီတာမင်ဆေးဝါးတွေ အချိုးအစားအလိုက်ရောစပ်ပြီး ဘဲတစ်ကောင်ကို အသင့်စပ်ပြီး အစာခုနစ်ကျပ်ခွဲသားလောက် ကျွေးရပါတယ်။ ကျွန်တော်မွေးထားတဲ့ အကောင်ရေ ၃၀၀၀ ဆိုရင် တစ်နေ့လျှင် စပ်ပြီးအစာ ၂၂၅ ပိဿာ ကျွေးရပါတယ်။

မေး - **ဘဲတွေကို မီးပေးရပါသလား။**

ဖြေ - ည ၆ နာရီလောက်စပြီး ဘဲခြံကို တစ်ညလုံး မီးအလင်းရောင် ထွန်းပေးထားရပါတယ်။

မေး - **ဘဲတွေကျန်းမာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုကို သိပါရစေ။**

ဖြေ - ကျွန်တော်တို့မြို့ရဲ့ ဘဲခြံအတော်များများဟာ ပဋိဇီဝဆေး အနည်းငယ်သာ အသုံးပြုပြီး သဘာဝအတိုင်း မွေးမြူကြပါတယ်။ဒါကြောင့် စားသုံးသူတွေ အန္တရာယ်ကင်းစွာ စားသုံးနိုင်ကြပါတယ်။

မေး - **ဘဲမွေးမြူရာမှာ ဥချိန်သက်တမ်းဘယ်လောက်ထားပြီး မွေးမြူပါသလဲ။**

ဖြေ - ကျွန်တော့်အနေနဲ့ ဘဲဥချိန် တစ်နှစ်ထားရှိပြီး တစ်နှစ်ပြည့်ရင် အသားအတွက် ထုတ်ရောင်းပါတယ်။ ဘဲတစ်ကောင်ကို အသားဈေး ငွေကျပ် ၂၃၀၀ နဲ့ ရောင်းရပါတယ်။

မေး - **လက်ရှိဘဲဥ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေ သိပါရစေ။**

ဖြေ - ဘဲဥတစ်လုံးကို မွေးမြူသူအနေနဲ့ ရောင်းရင် ငွေ၈၅ ကျပ် ရပါတယ်။ ပြန်ရောင်းတဲ့ဈေးက ငွေကျပ် ၉၀ နှုန်းပါ။ သနပ်ပင်တစ်မြို့နယ်လုံး ဘဲဥအဝယ်ဆိုင် ၁၆ ဆိုင်လောက် ရှိပါတယ်။ ကျွန်တော့်အနေနဲ့ တစ်နေ့ကို သေတ္တာ ငါးလုံးလောက် ရပါတယ်။ သေတ္တာတစ်လုံးကို အလုံး ၅၀၀ ဆံ့ပါတယ်။ အလျဉ်းသင့်သလို ပဲခူး-ရန်ကုန်-မော်လမြိုင်-တောင်ငူမြို့ကြီးတွေကို တင်ပို့ရောင်းချ ဖြန့်ဖြူးပါတယ်။

မေး - **ဘဲမွေးမြူမှုနဲ့ ပတ်သက်ပြီး ဘယ်လောက်ရင်းနှီးမြှုပ်နှံရပါသလဲ။**

ဖြေ - တစ်ရက်သား ဘဲငယ်တစ်ကောင်လျှင် ငါးရာကျပ်နှုန်းနဲ့ ဘဲငယ်တစ်ကောင် ငွေကျပ် ၁၀၀၀ ဆိုရင် ငွေကျပ်ငါးသိန်း ကုန်ကျပါတယ်။ ခြံတည်ဆောက်မှုအနေနဲ့ ခြောက်သိန်း၊ စားစရိတ်အပါ အထွေထွေလုပ်သားနှစ်ဦး ၁၀ လအတွက် ငှားရမ်းခ ရှစ်သိန်း၊ ပထမငါးလအတွက် ဘဲငယ်ကာလ အစာနှင့် ဆေးဝါးဖြည့်စွက်မှု ကုန်ကျငွေ တစ်လလျှင် လေးသိန်း နှစ်သောင်းနှုန်းနဲ့ ငါးလအတွက် ငွေကျပ် ၂၁ သိန်း ကုန်ကျ ပါတယ်။ စုစုပေါင်း ငွေကျပ်သိန်း ၄၀ လောက် ရင်းနှီးပါက ဘဲအကောင် ၁၀၀၀ မွေးမြူလို့ ရပါတယ်”ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ဤသို့ဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် စားလို့ရတာ အကုန်စိုက်၊ မွေးလို့ရတာအကုန်မွေး ဆောင်ပုဒ်နှင့်အညီ မွေးမြူထားသော မွေးမြူရေးလုပ်ငန်းရှင်များ၏ ဘဲမွေးမြူပုံနည်းစနစ်နှင့် အောင်မြင်တိုးတက်မှုများအကြောင်းကို စာဖတ်သူများ တစေ့တစောင်းလေ့လာနိုင်ကြစေရေးအတွက် ကိုယ်တိုင်မြင်တွေ့သမျှတို့ကို သတင်းဆောင်းပါးအဖြစ် ရေးသားတင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သနပ်ပင်မြို့နယ် ဘဲမွေးမြူရေးခြံတွင် မွေးမြူထားသော ဘဲများကို ဤသို့တွေ့ခဲ့ရသည်။

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၁၈

ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား ရေလမ်း၌ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၁)နှင့်(၁၂)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသည့်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့်(၁၁)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၉)နှင့် (၁၀)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်တိုင်အကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာ၌ ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဆီဆိုင်မြို့နယ် မြို့ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များ စုဆောင်းထားရှိမှုကို ဇွန် ၅ ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်အောင်ငြိမ်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မုဒုံး-ကတောင်စိန်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် အမှတ်(၂)ရပ်ကွက် လမ်းသွယ်(၅) နှင့် (၆) ဆက်သွယ်သောလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့ ကန်တော်ကြီးရေလှောင်ကန်တွင် ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှုကို ဇူလိုင် ၆ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘုတလင်မြို့နယ် မုံထူးကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုကို ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင် ဇွန် ၂၀ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

အိုဒက်စ်ဆာနိုင်ငံတကာရုပ်ရှင်ပွဲတော် ယူကရိန်းနိုင်ငံ၌ကျင်းပ

မောင်မောင်မြင့်ဆွေ
စုစည်းသည်

ကီယက်ဗ် ဇူလိုင် ၁၈

*ယူကရိန်းနိုင်ငံရှိ ပင်လယ်နက်ဆိပ်ကမ်းမြို့ဖြစ်သော ကီယက်ဗ်မြို့၌ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဇူလိုင် ၁၅ ရက်မှ စတင်ကာ ကိုးရက်ကြာ ကျင်းပလျက်ရှိသည်။ **(ဓါတ်ပုံ)***

ဥရောပအရှေ့ပိုင်း၌ နာမည်ကျော်ကြားသော နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရုပ်ရှင်ထုတ်လုပ်သူ ၁၀၀၀ ကျော် တက်ရောက်ဆင်နွှဲလျက်ရှိသည်။ အိုဒက်စ်ဆာနိုင်ငံတကာရုပ်ရှင်ပွဲတော်ဟု အမည်ပေးထားသော ၎င်းပွဲတော်တွင် နိုင်ငံတကာမှ ရွေးချယ်စိစစ်ထားသည့် ရုပ်ရှင်ကားပေါင်း ၁၀၀ ကို ပြသလျက်ရှိသည်။

အိုဒက်စ်ဆာနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် ပိုလန်နိုင်ငံမှ ရုပ်ရှင်မင်းသားနှင့် ဒါရိုက်တာလည်းဖြစ်သူ ဂျာဇီစတူဟာက ဆောင်ရွက်မည်ဖြစ်သည်။ **(အင်တာနက်)**

ဟယ်ရီပေါ်တာရုပ်ရှင်ဇာတ်ကား ဒေါ်လာ ၁၆၈ သန်း ဝင်ငွေစံချိန်တင်ရရှိ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၈

ဟယ်ရီပေါ်တာ (Harry Potter) အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့အပါအဝင် ကမ္ဘာတစ်ဝန်းပြသခဲ့ရာတွင် စတင်ပြသသည့် ပထမ သီတင်းပတ်အတွင်း ပွဲကြည့်ခွင့်လက်မှတ်များ စံချိန်တင်ရောင်းချရပြီး အမေရိကန်ဒေါ်လာ ၁၆၈ သန်း ဝင်ငွေရရှိခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ဟယ်ရီပေါ်တာ (Harry Potter) နှင့် ဒက်တလီးဟောလိုးစ် (Deathly Hallows)အပိုင်း (၂) ရုပ်ရှင်ဇာတ်ကားများသည် စတင်ပြသသည့် အဖွင့်ပွဲရက်မှာပင် အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၁ သန်း ရရှိခဲ့ကြောင်း ရုပ်ရှင်ကားဖြန့်ချိသူ ဝါနာဘရားဒ်စ်က ပြောကြားသည်။

ယခင်က စတင်ပြသသည့် ပထမဆုံးသီတင်းပတ်အတွင်း ဝင်ငွေစံချိန်တင်ရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ The Dark Knight ဇာတ်ကားဖြစ်ပြီး အမေရိကန် ဒေါ်လာ ၁၅၈ သန်း ဝင်ငွေ ရရှိခဲ့သည်ဆို၏။

ဟယ်ရီပေါ်တာရုပ်ရှင်ဇာတ်ကားသည် ကမ္ဘာ့လူကြိုက်အများဆုံး ရုပ်ရှင်ဇာတ်ကားများတွင် ရှစ်ခုမြောက် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။ ၎င်းရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျေကေရိုးလင်း ဝတ္ထုကို အခြေခံပြီး ရိုက်ကူးထားခြင်းဖြစ်သည်။ (အင်တာနက်)

ဟယ်ရီပေါ်တာ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဖိလစ်ပိုင်သရုပ်ဆောင် ဆမ်ပင်တို ဆွဲဆောင်မှုအရှိဆုံးမင်းသမီးအဖြစ် ဖော်ပြခံရ

မနီလာ ဇူလိုင် ၁၇

*၂၀၁၁ ခုနှစ်အတွက် အက်ဖ်အိတ်ချ်အမ်မဂ္ဂဇင်း၏ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် ဖိလစ်ပိုင်နိုင်ငံမှရုပ်ရှင်မင်းသမီးဆမ်ပင်တို **(ယာပုံ)**အား ကမ္ဘာ့ပရိသတ် သန်း ၃၀ ကျော်က ဆန္ဒပြုရွေးချယ်ခဲ့ကြသည်။*

အသက် ၂၁ နှစ်အရွယ်ရှိ ဆမ်ပင်တိုသည် သရုပ်ဆောင်တစ်ဦးဖြစ်သလို မော်ဒယ်တစ်ဦးလည်းဖြစ်သည်။ အသက် ၁၀ နှစ်အရွယ်ကပင် ကိုကာကိုလာအချိုရည်ကုမ္ပဏီအတွက် မော်ဒယ်အဖြစ် စတင်ပါဝင် သရုပ်ဆောင်ခဲ့ပြီး ဆန်းကစ်၊ စမတ်၊ ဆန်းဒဘုစ်၊ ပါလ်မိုလစ်နှင့် မက်ဒေါ်နယ်တို့တွင်လည်း မော်ဒယ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်အဖြစ် ၂၀၀၉ ခုနှစ်တွင် Midnight DJ ဇာတ်ကား၌ စတင်ပါဝင်ခဲ့ပြီး ၎င်းနှစ်၌ပင် Pinoy Big Brother: Double တွင် ဆက်တိုက် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကမ္ဘာကျော်မဂ္ဂဇင်းအများအပြားတွင်လည်း ဆွဲဆောင်မှုရှိသည့် မော်ဒယ်အဖြစ် ဖော်ပြခြင်းခံခဲ့ရသူဖြစ်သည်။

ဆမ်ပင်တို အောင်မြင်ခဲ့သော ရုပ်ရှင်ဇာတ်ကားများမှာ Ilumina ၊ Show Me Da Marry ၊ Party Pillipinas၊ Challenge၊ Bubble Gang စသည်တို့ဖြစ်ကြသည်။ ထို့အပြင် ယခုရုံတင်ပြသလျက်ရှိသည့် Cetch Me, I'm in Love ဇာတ်ကားကိုလည်း ဖိလစ်ပိုင်ပရိသတ်များ အထူးအားပေးလျက်ရှိသည်။

စာချုပ်ချုပ်ဆို

ဆမ်ပင်တိုသည် လက်ရှိအချိန်တွင် Tween Academy; Class of 2012 အမည်ရှိ ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ကာပူဆိုရုပ်မြင်သံကြားလိုင်းအတွက် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ၌ ပါဝင်သရုပ်ဆောင်ရန် သုံးနှစ်စာချုပ်ချုပ်ဆိုထားသည်။

အသားအရေဝင်းပကာ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လှပသည့်အပြင် ဆွဲဆောင်မှုရှိသောမျက်ဝန်းများနှင့် စွဲမက်ဖွယ်နှုတ်ခမ်းအလှများကြောင့် ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် ရွေးချယ်ခြင်းခံရခြင်းဖြစ်သည့်အပြင် ယောက်ျားလေးမိတ်ဆွေလည်း မရှိသေးသူတစ်ဦးဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ကိုပါအမေရိကဖလား အကြိုဗိုလ်လုပွဲ ပီရူးနှင့် ဥရုဂွေး၊ ဗင်နီဇွဲလားနှင့် ပါရာဂွေးတို့ဆုံကြပြီ

မြင့်မောင်စိုး
စုစည်းသည်

လာပလာတာ (အာဂျင်တီးနား) ဇူလိုင် ၁၈

အာဂျင်တီးနားနိုင်ငံ၌ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲကျင်းပလျက်ရှိရာ ဇူလိုင် ၁၈ ရက် နံနက်ပိုင်း၌ ပါရာဂွေးအသင်းက လက်ရှိချန်ပီယံ ဘရာဇီးအသင်းကို ပယ်နယ်တီ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

ဘရာဇီးနှင့် ပါရာဂွေးတို့သည် ကွာတားဖိုင်နယ်ပွဲအဖြစ် ကစားကြရာတွင် ပုံမှန်ကစားချိန်နှင့် အချိန်ပိုတို့ကစားရာ ဂိုးမရှိသရေပွဲဖြစ်နေ၍ ပယ်နယ်တီကန်သွင်းကြပြီး ပါရာဂွေးက ပယ်နယ်တီနှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



ပါရာဂွေးကစားသမားနှစ်ဦးကြားမှ ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟို၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ချီလီနှင့် ဗင်နီဇွဲလားတို့ပွဲတွင် ဗင်နီဇွဲလားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဗင်နီဇွဲလားနှင့် ပါရာဂွေးတို့သည် ဇူလိုင် ၂၀ ရက်(ဗုဒ္ဓဟူးနေ့)ညပိုင်းတွင် အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗင်နီဇွဲလားအသင်းအနေဖြင့် အကြိုဗိုလ်လုပွဲသို့ ပထမဆုံးရောက်ရှိလာသည့်အသင်းဖြစ်သည်။ ပါရာဂွေးအသင်းမှာ ၁၉၈၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိုဗိုလ်လုပွဲတက်ရောက်ခွင့်ရသည့်အသင်းဖြစ်သည်။

ဇူလိုင် ၁၆ ရက်က အာဂျင်တီးနားအသင်းနှင့် ဥရုဂွေးအသင်းတို့သည် ကွာတားဖိုင်နယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက ပယ်နယ်တီငါးဂိုး-လေးဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်လာသည်။ ယင်းတို့သည် ပုံမှန်ပွဲကစားချိန်နှင့် အချိန်ပိုတွင် တစ်ဖက်တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီကန်သွင်းခဲ့ရခြင်းဖြစ်သည်။ အခြားသောကွာတားဖိုင်နယ်ပွဲအဖြစ် ပီရူးအသင်းနှင့်ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ပီရူးက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

ပီရူးနှင့်ဥရုဂွေးအသင်းတို့သည် ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) ညပိုင်းတွင် အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဘောလုံးပရိသတ်များအနေဖြင့် မြောက်အမေရိကတိုက်၏ ဖလားပြိုင်ပွဲဖြစ်သည့် ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြပုံများကို စောင့်စားကြည့်ရှုကြရပေဦးမည် ဖြစ်သည်။

(အင်တာနက်)

ပရီမီယာလိဂ်ဖလားရရှိရေး ပိုမိုခက်ခဲလာ

လန်ဒန် ဇူလိုင် ၁၈

ပရီမီယာလိဂ်တွင် ဖလားရရှိရေးအတွက် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာကြောင်း မန်စီးတီးနောက်တန်းကစားသမားသစ် ဂါရယ်ကလစ်ချီက ပြောကြားသည်။

မိမိသည် မြောက်လန်ဒန်ကလပ် အာဆင်နယ်တွင် ရှစ်နှစ်ကြာ ကစားခဲ့ကြောင်း၊ ဖလားရရှိရန် ပိုမိုခက်ခဲလာသည့်အတွက် မန်စီးတီးသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ကြောင်း မန်စီးတီးက ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူခဲ့သည့် ကလစ်ချီက ဝန်ခံပြောကြားသည်။

(အင်တာနက်)

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒါရင်ကလပ် ပထမဆုံးဖလားဆွတ်ခူး

နယူးယောက် ဇူလိုင် ၁၈

***ယူအက်စ်အိုးပင်းချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ ရှိုင်ရယ်စိန့်ဂျော့ဂေါက်သီးကလပ်၌ ကျင်းပခဲ့ရာ မြောက်အိုင်ယာလန်ဂေါက်သီးကစားသမား ဒါရင်ကလပ်က ဇူလိုင် ၁၇ ရက်တွင် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးသွားပြီဖြစ်သည်။** (အပေါ်ပုံ)*

အသက် ၄၂ နှစ်အရွယ်ရှိ ဒါရင်ကလပ်သည် ယူအက်စ်အိုးပင်းဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အခြားသော ကစားသမားများထက် သုံးချက်အသာရပြီး ဖလားဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ဒါရင်ကလပ်၏နောက်မှ အမေရိကန်ကစားသမားများဖြစ်ကြသည့် ဂျွန်ဆင်နှင့် ဖီးလ်မိုက်ကယ်ဆင်တို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ဒုတိယလိုက်ခဲ့သည်။

(အင်တာနက်)

တီဗက်ဗ်အား ပေါင်သန်း ၅၀ ဖြင့် ရောင်းရန်သဘောတူညီ

လန်ဒန် ဇူလိုင် ၁၈

တိုက်စစ်မှူး ကားလို့စ်တီဗက်ဗ်အား ဘရာဇီးကလပ် ကိုရင်သီးရန်သို့ရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း မန်စီးတီးနည်းပြ မန်စီနီက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ တီဗက်ဗ်အား ပေါင်သန်း ၅၀ ဖြင့်ရောင်းချရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။ မူလက ပေါင် ၃၉ သန်းဖြင့် ကမ်းလှမ်းလာမှုကို မန်စီးတီးက ပယ်ချခဲ့သည်။ **(အင်တာနက်)**

အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ အလှူရှင် Mr. Giuseppe Rotondella က ငွေကျပ် ၁၄၁၈၁၀၉၀ တန်ဖိုးရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲက လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်(ဝဲပုံ)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အလှူရှင်တို့သည် ကွန်ပျူတာသင်တန်းခန်းမကို ဖွင့်လှစ်ပေးကြပြီး ကွန်ပျူတာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာထုတ်ကုန် တိုးတက်မြင့်မားရေး
ဝမ်းတွင်းမြို့၌ ချေးငွေများ ထုတ်ချေး

ဝမ်းတွင်း ဇူလိုင် ၁၈

လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ဝမ်းတွင်းမြို့နယ် သဃ်န်းဆွဲကျေးရွာအုပ်စုတွင် တောင်သူများအား ချေးငွေပေးအပ်ပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးတင့်ဇော်ဇော်အောင်နှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးတင့်လွင်တို့က ချေးငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် နဘဲကန်ကျေးရွာ၊ စမုံကျေးရွာ၊ ရွာရှည်ကျေးရွာများမှတောင်သူ ၄၃၃ ဦး၏ လယ်မြေဧက ၁၉၆၄ ဧကအတွက် ထုတ်ချေးငွေကျပ် ၉၈၁၅၀၀၀၀ကို ထုတ်ပေးသည်။ **(ယာပုံ)**

ထုတ်ချေးပေး

အလားတူ ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီခွဲကလည်း သနပ်ခါးတောကျေးရွာများ၊ ထိန်ကန်ကျေးရွာ၊ ကျွတ်ကန်ကျေးရွာအတွက် တောင်သူ ၄၁၉ ဦး၏ လယ်မြေဧက ၂၀၅၈ ဧကအတွက် ငွေကျပ် ၁၀၂၉၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(၄၁၄)**

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး ဖားကန့်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ဖားကန့် ဇူလိုင် ၁၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် နောင်းမိကျေးရွာအုပ်စုတွင် ၂၀၁၀-၂၀၁၁ ခုနှစ် မြေတိုင်းရာသီ မြေတိုင်းတာခြင်း လျာထားချက်ကွင်း ၁၀ ကွင်းကို ဇွန် ၁၀ ရက်က မိုးညှင်းခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနောင်၏ စစ်ဆေးကြီးကြပ်မှုဖြင့် တိုင်းတာပြီး ကွင်းများမင်ထပ်ခြင်း၊ ဧရိယာတွက်ချက်ခြင်း လုပ်ငန်းများနှင့် ရုံးတွင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၉။ လျှပ်တစ်ပြက်
၄း၅၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၂၀)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၅။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ မွေးမြူသုတ
၂၄။ ဟာသရုပ်စုံ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၂၁)
၂၈။ Mini Series

တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ် မလှိုင်မြို့နယ်၌ဖွင့်

မလှိုင် ဇူလိုင် ၁၈

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက်က အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ ရှေးဦးစွာ အဆောက်အအုံသစ်ကို တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးအုန်းဆွေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ကြီးကြပ်အဖွဲ့ဝင် မြို့မိမြို့ဖ ဦးကြည်သန်းနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဦးညီညီမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းရွှေက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးအုန်းဆွေမြင့်က ဆေးခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက မြို့နယ်တိုင်းရင်းဆေးကုဌာနအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၈၃)**

မြေယာရှင်းအလုပ်ပြုပြင်

လပွတ္တာမြို့သစ် မြို့အဝင်လမ်းဘေးဝဲယာ မြေယာရှင်းအလုပ်ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က အငယ်တန်းအင်ဂျင်နီယာ-(၂) ဦးတင်ထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အာဟာရကျွေးမွေး

ဇွန် ၃၀ ရက်က ရွှေကျင်မြို့ ကွဲတဲရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အမှုဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေနှင့် အလှူရှင်များက ကျောင်းသားကျောင်းသူများကို အာဟာရကျွေးမွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ
မင်းဘူးမြို့နယ်၌ ကျင်းပ

မင်းဘူး ဇူလိုင် ၁၈

မင်းဘူးခရိုင်နှင့် မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မင်းဘူး-ပဒါန်းလမ်းနှင့် မြန်မာ့ရေနံရိပ်သာလမ်းဆုံအနီးတွင် ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားတွင် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ စိန်ပန်း၊ တမာ၊ ယူကလစ်နှင့် မဲဇလီပျိုးပင်များကို ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသော မင်းဘူးခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဝင်း ဦးဆောင်သည့်ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက အပင်ပေါင်း ၈၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

သံရည်ကျိုစက်မှ အနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃) တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းနှင့် မြတောင်ဝန် ဦးမှိုလမ်းထောင့်ရှိ သံရည်ကျိုစက်ရုံမှ ၂၄ နာရီပတ်လုံး သံ၊ သတ္တုကျိုချက်ရာမှထွက်လာသော အပြင်းစားဓာတ်ငွေ့အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ စက်ရုံဝန်ထမ်းများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ *ကျန်းမာရေးထိခိုက်ရသူများ*

ညှော်နံ့ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မဟာမြိုင်မူလွန်ကျောင်းရှေ့လမ်းသွယ်ရှိ အကြော်စုံလုပ်ငန်းမှ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ***ညှော်နံ့မခံနိုင်သူများ***

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၁၊ ၂၊ ၃၊ ၄ ရပ်ကွက်ရှိ ပင်မရေထွက်မြောင်းဖြစ်သည့် ကျန်စစ်သားလမ်းမနှင့် ဒဂုံတက္ကသိုလ်အကြားရှိ ရေနုတ်မြောင်းကြီးမှာ သပြေခြိုက်ကျူးကျော်စိုက်ပျိုးထားမှုများကြောင့် ရေစီးဆင်းမှုမရှိဘဲ ရပ်ကွက်များအတွင်း ရေများလျှံကာ ပတ်ဝန်းကျင်နေထိုင်သူများ ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ပွားမည်ကို စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ *ရပ်ကွက်သားများ*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်သားဖွယ် မိုးရေချိန်များ ၁၈-၇-၂၀၁၁

မော်လမြိုင်မြို့	၄ ဒသမ	၂၂ လက်မ
ကျောက်ဖြူမြို့	၃ ဒသမ	၉၃ လက်မ
မချမ်းဘောမြို့	၃ ဒသမ	၇၄ လက်မ
ပေါင်မြို့	၂ ဒသမ	၉၅ လက်မ
မြစ်ကြီးနားမြို့	၂ ဒသမ	၉၂ လက်မ
ကျိုက်မရောမြို့	၂ ဒသမ	၆၇ လက်မ
သထုံမြို့	၂ ဒသမ	၅၆ လက်မ

အောင်မြင်ဖြစ်ထွန်းနေသော သနပ်ပင်မြို့က ဘဲမွေးမြူရေးလုပ်ငန်း

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
➤ ပိန်းဇလုပ်သိန်းညွန့်

သနပ်ပင် ဇူလိုင် ၁၈

နေသာသော နေ့ရက်တစ်ရက်။

နေရာကား ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့။

ဤနေရာ၊ ဤဒေသ၊ ဤမြို့ဆီသို့ စာရေးသူရောက်ခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါလျှင် နှစ်ကြိမ်မြောက်ခဲ့လေပြီ။ နွေစပါးများ ရိတ်သိမ်းရန် အသင့်ဖြစ်နေသောကာလ။ ထိုစဉ်က နေခြည်အလာ ရွှေရည်လောင်းထားသည့်အလား အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းကြီးကို တစ်မျှော်တစ်ခေါ် တွေ့မြင်ခဲ့ရသည်။

ယခုအခေါက်တွင်မူ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်ရှိ ဘဲမွေးမြူရေးခြံသို့ သတင်းဆောင်းပါးရေးရန် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

သဘာဝရေအရင်းအမြစ်ပေါကြွယ်

ဘဲမွေးမြူမှုနှင့်ပတ်သက်၍ သနပ်ပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းလှစိန်အား တွေ့ဆုံ၍ မေးမြန်းခဲ့ရာ "ကျွန်တော်တို့ဒေသဟာ သဘာဝရေအရင်းအမြစ်ပေါကြွယ်ဝတဲ့ ဒေသဖြစ်ပါတယ်။ ဘဲမွေးမြူရေးခြံတွေကို မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းအနီးတစ်ဝိုက်မှာ အများအားဖြင့် တည်ဆောက်မွေးမြူကြပါတယ်။ ဘဲမွေးမြူရေးခြံ ၃၀၀ ခန့်ရှိပြီး အကောင်ရေ ငါးသိန်းနီးပါး မွေးမြူထားကြပါတယ်။ သံသယဖြစ်ဖွယ် ကြက်ငှက်သေဆုံးမှု သတင်းများရယူရေးနဲ့ ပညာပေးရေးလုပ်ငန်းတွေ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်အောင်လည်း မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအချို့မှာ တိရစ္ဆာန်ကျန်းမာရေးလုပ်သားအကူအညီ ၁၂ ဦး ထားရှိပါတယ်။ ဘဲသွေးခဲရေကြည်ရယူခြင်းဖြင့် ရောဂါစူးစမ်းရှာဖွေမှုလုပ်ငန်းတွေကို စာမျက်နှာ ၁၀ ကော်လံ ၁ ●

သနပ်ပင်မြို့နယ် ဘဲမွေးမြူရေးခြံတွင် မွေးမြူထားသော ဘဲများကို ဤသို့ တွေ့ခဲ့ရသည်။